
mgyoe.com



# သော်တာဆွေ

## ရာပြည့်အမှတ်တရ လွမ်းတသသ

၁၉၁၉...၁၉၉၅...၂၀၁၉

mgyoe.com

mgyoe.com

– ရွှေဥဒေါင်း
– အမေညို
– တင်မိုး
– နတ်နွယ်
– အောင်ပြည့်
– အောင်သင်း
– ကျုံမငေးမောင်ဝင့်သူ
– မုံရွာဝင်းဖေ
– မောင်ကျော်သာ
– မောင်သွေးသစ်
– ချစ်ဦးညို
– သုမောင်
– မင်းလူ
– ကိုပိုက်
– ဆွေမင်း(ဓနုဖြူ)
– ကာတွန်းမြေဇာ
– ရွှေမြိတ်သောင်းတင်
– ငွေကြည်
– ချစ်နိုင်(စိတ်ပညာ)
– မောင်မြေကြီး(ပန်းတောင်း)
– ပန်းချီမောင်မောင်သိုက်
– ခင်မျိုးချစ်
– စာသုသီ



# ဒေါ်တာရွှေ
## ရာပြည့်အမှတ်တရ
## လွမ်းတသသ

၁၉၁၉....၁၉၉၅....၂၀၁၉

ISBN9789997116901
TTS47
9 789997 116901
2,500.00KS

mgyoe.com

သော်တာဆွေ ရာပြည့်အမှတ်တရ လွမ်းတသသ၊ မောင်သွေးသစ် နှင့် အခြား
စာမျက်နှာ ၂၄၀++ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သော်တာဆွေ
# ရာပြည့် အမှတ်တရ
# လွမ်းတသသ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ဆရာကြီးသော်တာဆွေ ကွယ်လွန်ခြင်း တစ်နှစ်ပြည့်ဖြစ်သော ၁၉၉၆ ခုနှစ်၌ ဂုဏ်ပြုကမ္ပည်းတင် ထုတ်ဝေခဲ့သည့် စီစဉ်သူ ကျော်လင်း၏ 'သော်တာဆွေ လွမ်းတသသ အမှတ်တရ' စာအုပ်ကို ရာပြည့်နှစ် စီစဉ်မှုအဖြစ် စာရေးဆရာကြီးသော်တာဆွေ မိသားစုက စာမူများ ထပ်မံဖြည့်စွက်ကာ ထုတ်ဝေခြင်း ဖြစ်ပါကြောင်း။

mgyoe.com

mgyoe.com

# မာတိကာ

- စာတ်ပုံမှတ်တမ်း က

၁။ မြန်မာစာပေသမိုင်းမှာ
ဆရာကြီးသော်တာဆွေ ထာဝရရှိနေမြဲ
– မောင်သွေးသစ် ၁

၂။ ကျွန်ုပ်၏ တပည့်များ၊ သော်တာဆွေ
– ရွှေဥဒေါင်း ၁၁

၃။ အမေညိုပြောသော ဆရာသော်တာဆွေအကြောင်း
– အမေညို ၁၇

၄။ ဆရာသော်ရဲ့ ဘဝတစ်ကွက်
– တင်မိုး ၂၄

၅။ မိမိ နှင့် သော်တာဆွေ
– နတ်နွယ် ၂၉

၆။ ဆရာ့လမ်းညွှန်မှုများ၌
– အောင်ပြည့် ၃၈

၇။ ရှေ့နေကောင်းနှင့် သက်သေကောင်း
– အောင်သင်း ၄၄

mgyoe.com

mgyoe.com


၈။ အမှတ်ထင်ထင်

– ကျုံမငေး မောင်ဝင့်သူ ၄၉

၉။ ဆရာသော်တာဆွေ အမှတ်တရ

– မုံရွာဝင်းဖေ ၅၄

၁၀။ စာနှင့်၊ လူနှင့်၊ လွတ်လပ်မှုနှင့် တစ်ထပ်တည်းကျသူ
သို့မဟုတ် ဆရာသော်တာဆွေ

– ချစ်ဦးညို ၆၁

၁၁။ ပြောရဦးမယ် ဦးလေးဆွေရေ့

– သုမောင် ၇၆

၁၂။ ဘရန်ဒီတစ်ပုလင်း

– သုမောင် ၈၆

၁၃။ ကိတ္တိမသားများ

– မင်းလူ ၉၁

၁၄။ ကမ္ဘာသစ်တစ်ခုဆီသို့ သွားလေသည်လား

– ကိုပိုက် ၁၀၀

၁၅။ သတိတရရုပ်သွင်

– ဆွေမင်း(ခနုဖြူ) ၁၁၁

၁၆။ မြေဇာ ကတိပျက်တယ်

– ကာတွန်းမြေဇာ ၁၂၁

၁၇။ အမှတ်တရပါ ဆရာ

– ရွှေမြို့တ်သောင်းတင် ၁၂၆

၁၈။ သော်တာဆွေသို့

– ငွေကြည် ၁၃၁


mgyoe.com

mgyoe.com

၁၉။ အမှတ်တရ လွမ်းစရာ့ သော်တာဆွေ
– ချစ်နိုင်(စိတ်ပညာ) ၁၄၁
၂၀။ ဆရာသော်တာဆွေ (သို့)
စိန်ခေါ်လျှင် တိမ်ပေါ်ထိ လိုက်မည့်သူ
– မောင်မြေကြီး(ပန်းတောင်း) ၁၅၀
၂၁။ ဆရာနှင့် ကာတွန်းကန်တော့ပွဲမှသည်
ပန်းချီကန်တော့ပွဲ
– ပန်းချီမောင်မောင်သိုက် ၁၆၀
၂၂။ ပုဂံသူရဲကောင်းများမှ
ခင်မျိုးချစ်၏ အမှာစကား ၁၆၆
၂၃။ ဘွန္ဓောကြက်သူခိုး မှ
ခင်မျိုးချစ်၏ အမှာစာ ၁၇၅
၂၄။ သော်တာဆွေ၏ စာအုပ်များအတွက်
စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်များ ၁၈၂
၂၅။ သော်တာဆွေ၏ ဘဝဝတ္ထုများ
– စာသုသီ ၁၈၄

**ဆရာကြီးသော်တာဆွေ၏ လက်ရာမွန်**

၁။ ထန်းသမားထေကြီး ၁၉၄
၂။ မိုးတိမ် ၂၁၁

- သော်တာဆွေ၏ ဘဝဖြစ်စဉ် ၂၃၆



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



သော်တာဆွေ

ကာတွန်းငွေကြည်၏ လက်ရာ

mgyoe.com

mgyoe.com





သော်တာဆွေ (၁၉၁၉-၁၉၉၅)
ကွယ်လွန်သူ ပန်းချီဆရာမောင်မောင်သိုက်
ရေးဆွဲခဲ့သော ပုံတူပန်းချီလက်ရာ

mgyoe.com

mgyoe.com






ပန်းချီကျော် ခင်ဝမ်း၏လက်ရာ
(ကျွန်တော့်ဘဝဇာတ်ကြောင်း ပထမဦးဆုံးအတွဲမှ)
သော်တာဆွေ

mgyoe.com

mgyoe.com






စာရေးဆရာသော်တာဆွေ (၂၃ နှစ်အရွယ်)

mgyoe.com

mgyoe.com


(c)



mgyoe.com

mgyoe.com






စာရေးဆရာသော်တာဆွေ အသက် ၆၂ နှစ်အရွယ် (၄-၉-၁၉၈၁)

mgyoe.com

mgyoe.com






စာရေးဆရာ သော်တာဆွေ (ညာ) ငယ်စဉ်က မိတ်ဆွေတစ်ဦးနှင့်
မန္တလေးမြို့တွင် အမှတ်တရ (၁၉၅၁)

mgyoe.com

mgyoe.com





စာရေးဆရာသော်တာဆွေနှင့် သားကြီးကျော်ကျော်
ပေါင်းတည်မြို့ ကြို့ပင်ရွာတွင် ရှင်ပြုစဉ် (၁၉၆၁)

mgyoe.com

mgyoe.com






စာရေးဆရာသော်တာဆွေနှင့် သမီးကြီး ဒင်ပါလ်ဆွေ၊
သားကြီး ကျော်ကျော်၊ သားငယ် ဒေါက်တာအောင်သော်တို့အား
သားကြီး ကျော်ကျော်၏ မင်္ဂလာဆောင်နေ့တွင် တွေ့ရစဉ် (၁၉၇၅)

mgyoe.com

mgyoe.com





စာရေးဆရာသော်တာဆွေနှင့် စာပေမိတ်ဆွေတစ်ဦး (၁၉၈၆)

mgyoe.com

mgyoe.com





စာရေးဆရာသော်တာဆွေ၏ ဆရာအရင်း
စာရေးဆရာကြီးရွှေဥဒေါင်း

mgyoe.com

mgyoe.com





စာရေးဆရာသော်တာဆွေ (ခါးထောက်နေသူ)နှင့်
စာပေမိတ်ဆွေရောင်းရင်းများ (၁၉၅၃)။
စာရေးဆရာ ဦးခင်မောင်လတ် (ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသူ)၊
ဒေါ်ခင်မျိုးချစ် (ဘေးတွင်ထိုင်နေသူ)၊ စာရေးဆရာမ ကြည်အေး၊
စာရေးဆရာ ထင်လင်း (ဆေးတံသောက်နေသူ) တို့အား
ရန်ကုန်၊ ကမာရွတ် ဦးခင်မောင်လတ်နေအိမ်တွင် တွေ့ရစဉ်

mgyoe.com

mgyoe.com



စာရေးဆရာသော်တာဆွေ (အလယ်)နှင့် စာရေးဆရာဦးခင်မောင်လတ်
(ခါးထောက်နေသူ)၊ စာရေးဆရာ ထင်လင်း၊ ဒေါ်ခင်မျိုးချစ် (ရပ်နေသူ)နှင့်
စာရေးဆရာမ ကြည်အေး (ထိုင်နေသူ)တို့အား
ရန်ကုန်၊ ကမာရွတ် ဦးခင်မောင်လတ်နေအိမ်တွင် တွေ့ရစဉ်



စာပေဟောပြောပွဲတစ်ခုတွင် စာရေးဆရာ သော်တာဆွေ
ဟောပြောနေစဉ် (၁၉၈၁)

mgyoe.com

mgyoe.com







ရုရှားနိုင်ငံ- မော်စကိုနှင့် အရှေ့ဂျာမနီနိုင်ငံ-ဘာလင်မြို့များသို့ ဆရာသာဂဒိုး၊ ဆရာမင်းရှင်နှင့် ဆရာသော်တာဆွေတို့ လေ့လာရေးခရီးသွားရောက်စဉ် (၁၉၆၃)

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com






mgyoe.com

mgyoe.com





စာရေးဆရာသော်တာဆွေအား ရုရှားနိုင်ငံ မော်စကိုမြို့တွင် တွေ့ရစဥ်
(စက်တင်ဘာ ၁၉၆၃)

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com






စာရေးဆရာသော်တာဆွေ၏ လက်ရေးစာမူ

mgyoe.com

mgyoe.com



**စာရေးဆရာကြီး**
**သော်တာဆွေ**
**ကွယ်လွန်ရှာပြီ**
**(၁၉၁၉-၁၉၉၅)**



[illegible]

စာရေးဆရာသော်တာဆွေ၏ နာရေးသတင်းပါသော
သတင်းစာဖြတ်ပိုင်းအား တွေ့ရစဉ်

mgyoe.com

mgyoe.com

# မြန်မာစာပေသမိုင်းမှာ
# ဆရာကြီးသော်တာဆွေ ထာဝရရှိနေမြဲ

မောင်သွေးသစ်

* နာမည်ရင်း 'ဦးကြင်ဆွေ'
ကလောင်နာမည် 'သော်တာဆွေဟု ခေါ်
မြန်မာစာပေ အောင်လံတော်ပေါ်မှာ
ဂုဏ်သိက္ခာမြင့်စွ
လက်မှတ်ရေးထိုးခွင့်ရ
အာဂပုဂ္ဂိုလ် 'သော်တာဆွေ' ဟာ
သမိုင်းခေသူ မဟုတ်
ကြိုးကုတ် စိတ်ထားနဲ့
ကြွားဝါမှု ဖယ်ခွာ
ရိုးဖြောင့်စွာ နေရဲသူဟာ
ဆရာသော်တာဆွေပါ။

mgyoe.com

mgyoe.com


* မျက်နှာကျ ရှင်းရှင်း
နှုတ်စကား ဘွင်းဘွင်း
နှလုံးသား ပွင့်ပွင့်လင်းလင်း
လက်ဖျား စတင်းဂန်းပမာ
အမှန်တရားကို တည့်တည့်ပစ်
အာဏာပိုင် စစ်စစ်တွေ ရှေ့
မျက်နှာချင်းဆိုင် တော့ ပစ်ရဲသူဟာ
ဆရာသော်တာဆွေပါ။

* ၁၀ တန်းအောင် ခေတ်ပညာတတ်
အောင်လက်မှတ်နဲ့ ဝမ်းစာ မရှာ
စာပေလောကသည်သာ သူ ဦးတည်ရာ
စာပေလောကသည်သာ သူ ယုံကြည်ရာ
စာပေလောကသည်သာ သူ ပျော်ပိုက်ရာ
စာပေလောကသည်သာ သူ မက်တွယ်ရာ
စာပေနှင့် အသက်မွေးဝမ်းကျောင်းမှု
'မြင်းလှည်းမောင်းသမား' ကိုယ်စားပြု
'ဘဝထိုထို' ဝတ္ထုစာအုပ်နဲ့
၁၉၆၂ ခုနှစ်
စာပေဗိမာန် ထောင်ဆု ချီးမြှင့်ခြင်းကို
ပြိုင်ဘက်ကင်း ရယူခဲ့သူဟာ
ဆရာသော်တာဆွေပါ။

mgyoe.com

mgyoe.com


* အကွေ့ အဆစ် အချိုး
ဘဝဖြတ်သန်းမှုမျိုးစုံကို ကြုံ
ဆုံခဲ့ရသမျှကို
'ကျွန်တော့်ဘဝဇာတ်ကြောင်း'
စာအုပ်အတွဲပေါင်း များစွာနဲ့
ပြန်ပြောင်း အောက်မေ့မိသမျှ နောက်ကြောင်းလှန်
ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်ရပ်မှန်ကို
မချန် မချွင်း ဖော်ပြရဲ
သတ္တိ မနည်းသူဟာ
ဆရာသော်တာဆွေပါ။

* မြန်မာစာပေ သမိုင်းကြောင်းမှာ
ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေကောင်းဟာ
ရှားပါး ရတနာ မြတ်ပေပါ့။

* ဆရာကြီးရွှေဥဒေါင်းရဲ့
'တစ်သက်တာမှတ်တမ်း' ရှိတယ်။

* ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့
'တာတေစနေသား' ရှိတယ်။

* ဆရာသော်တာဆွေရဲ့
'ကျွန်တော့်ဘဝဇာတ်ကြောင်း' ရှိတယ်။

mgyoe.com

mgyoe.com


* ရှိတာကို ရှိတယ်လို့ မှတ်
ဖတ်၊ မှတ် ဖူးသမျှထဲမှာ
ကိုယ့် လုပ်ရပ် မှန်သလား
မှားသလား
စိတ် ယုတ်မာမှု ပြုခဲ့သလား
မပြုခဲ့ဘူးလား
အတ္တစည်း ပိုင်းခြားထားမှုကို ကျော်နင်း
ကောင်းခြင်း မကောင်းခြင်းကို
အလျဉ်း ဂရုမစိုက်ဘဲ
ငါ မိုက်ခဲ့တယ်
ငါ ရမ်းကားခဲ့တယ်
ငါ ဆိုးသွမ်းခဲ့တယ်
လူ့ဘဝရဲ့ သဘာဝ
မာယာပရိယာယ် ထွေပြားမှုကို
ခံစား နှစ်ခြိုက် ခုံမင် တွယ်တာ
သံသရာ လည်ပတ် ခဲ့သမျှ
ဖွင့်ချ ထုတ်ဖော် ရေးသား
အမှန်တရားရဲ့ သစ္စာတော်ခံထဲမှာ
ဆရာသော်တာဆွေ ပါတယ်။

mgyoe.com

mgyoe.com


* စာပေသည် စာပေအတွက်၊
စာပေသည် ပြည်သူအတွက်
ဘက်နှစ်ဖက်ရှိတဲ့ အနေအထားထဲ
စာပေဘက်မှာလည်း သူ ရပ်
ပြည်သူဘက်မှာလည်း သူ ရပ်
ပြည်သူ့အတွက် ရပ်တည်ရာ၌
အခြေခံ လူတန်းစား
ကောင်းစားရေးကို ကိုယ်စားပြု
ဘဝသရုပ်ဖော်မှုနဲ့
ဖွဲ့နွဲ့ တင်ပြခဲ့သူဟာ
ဆရာသော်တာဆွေပါ။

mgyoe.com

mgyoe.com


* နိုင်ငံ့အတွက် ရပ်တည်ရာ၌
လက်ယာ–လက်ဝဲ
ဝါဒစွဲ အယူအဆ
သဘောမကျလျှင် မကျသလို၊
လူ ပုဂ္ဂိုလ်ချင်း
အဘယ်မျှပင်
ခင်မင် ရင်းနှီးနေပါစေ
ဝေဖန်၊ ရှုတ်ချ
သမ္မတ၊ ဝန်ကြီးချုပ်ပါ မချန်
အစိုးရ စီမံကိန်းများ
သွင်းကုန် လိုင်စင်ရ စားဖားများ
တိုင်းတစ်ပါး လူမျိုးခြားကို
အားကိုး၊ ကိုယ်ကျိုး ရှာသူတွေအပေါ်
ကလောင်လက်နက်နဲ့ ကလော်တိုက်ခိုက်
ဒင်းတို့ မျက်ဖြူဆိုက်စေခဲ့သူဟာ
ဆရာသော်တာဆွေပါ။

mgyoe.com

mgyoe.com


* ရေးဖော်အချင်းချင်း
လည်ပင်းဖက် ချစ်နေပါစေ
ပျော်စေ ပြက်စေ
သရော်စာတွေ
လှောင်ပြောင်၊ ကလိစာတွေ
ရယ်စရာအမြင်နဲ့ ရေးဖွဲ့
အရေးခံရတဲ့ ရေးဖော်တွေခမျာ
နာကျင်ခြင်း
ခံပြင်း၊ အမျက်ရှခြင်း
ချစ်ခင်ခြင်း
တွယ်တာခြင်း သံယောဇဉ်မပျက်၊
ပခုံးဖက်လျက် မပျက်
အရက်ခွက်လှည့် ဝိုင်း မပျက်
ဥပေက္ခာပြုခြင်း ကင်းမဲ့သူဟာ
ဆရာသော်တာဆွေပါ။

* ကလောင်ဖျားဟာ
ဓားသွားထက်မက ထက်စေ၊
ကလောင်တံဟာ
လှံဖျားထက်မက ချွန်စေ
ချွန်စေ၊ ထက်စေ
စာပေ အရည်အသွေး မှန်သမျှ
ဆရာသော်တာဆွေ့ ဘဝထဲမှာ
ထာဝရ ရှိတယ်။

mgyoe.com

mgyoe.com


* တိုင်းပြည်နဲ့ လူမျိုး
ဘေးဆိုးသင့်မယ့် ကိစ္စမှန်သမျှ
ရှေ့ဆုံးကထွက် ရေးရဲသူဟာ
ဆရာသော်တာဆွေပါ။

* ၁၉၁၉ ခုနှစ်ဖွား
ပေါင်းတည်သား ဆရာသော်တာဆွေဟာ
ကနေ့
၂၀၁၉ ခုနှစ်၊ မေ၊ ၁၉ ရက်တိုင်အောင်
အသက်ထင်ရှား ရှိနေဦးမည်ဆိုပါက
နှစ် ၁၀၀ တင်းတင်းပြည့်ပြီ။

* ၁၉၉၅ ခုနှစ်၊ မတ်၊ ၄ ရက်နေ့မှာ
အာရုံကြောရောဂါဖြင့် ကွယ်လွန်
ကွယ်လွန်ချိန်မှာ ဆရာ့အသက်
၇၆ နှစ်အရွယ်
နေဦးမယ်ဆိုလျှင် နေနိုင်သေး၊
ရေးရမယ်ဆိုလျှင် ရေးနိုင်သေး၊
တွေးရမယ်ဆိုလျှင် တွေးနိုင်သေး
အတွေး ကောင်း
အရေးကောင်း
လက်ဖျံရိုး နှစ်ချောင်းလှည့်နဲ့
စာဖွဲ့ မကုန်နိုင်ရှာတဲ့
ဆရာသော်တာဆွေ ခမျာ

mgyoe.com

mgyoe.com


သူ့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်
လွမ်းတတ်သူတွေ ပိုလွမ်းစေဖို့၊
တမ်းတတတ်သူတွေ ပိုတမ်းတစေဖို့
ဆရာ့သား
'စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး
ဦးအောင်သော်' အပါအဝင်
ဆွေမျိုး မိတ်သင်္ဂဟရင်းချာများက
သတိရ အောက်မေ့ခြင်း
အမှတ်တရပွဲကြီး ကျင်းပနေ
ကောင်းကျိုးပြုမှု ဖြစ်စဉ်တွေကို
'ဆရာသော်တာဆွေ' ခင်ဗျား
စံစားရာ ဘုံဝတီသာ မြတ်မှနေ
သာဓု ခွန်းဆို ခြွေပါလော့
သာဓု ခွန်းဆို မျှပါလော့
သာဓု ခွန်းဆို ပြုပါလော့
'မောင်သွေးသစ်' ကန်တော့၍ ပန်ကြားအပ်ပါသည်။

mgyoe.com

mgyoe.com


* ကြွရောက်လာကြကုန်သော
ဂုဏ်သိက္ခာရှိ မိတ်ဆွေများ ခင်ဗျား
ဂါရဝတရား အမွန်အမြတ်ထား၍
နှစ် ၁၀၀ ပြည့် ဆရာကြီးသော်တာဆွေအား
နှလုံးသားမှ ဂုဏ်ပြုကြပါစို့။
နှလုံးသားမှ ဂုဏ်ပြုကြပါစို့။
နှလုံးသားမှ ဂုဏ်ပြုကြပါစို့။

စာရေးဆရာကြီး သော်တာဆွေ
နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဂုဏ်ပြုကဗျာ

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တပည့်များ
## သော်တာဆွေ

ရွှေဥဒေါင်း

၁၉၄၆ ခုနှစ်တွင် ဝက်လက်မှ မန္တလေးသို့ ပြောင်းလာခဲ့၍ စားတန်းရပ် တူ ဝင်းမောင်၏ အိမ်၌ မှီခိုနေထိုင်လျက်ရှိစဉ် တစ်နေ့သော နံနက်၌ လူငယ်တစ်ယောက် ရောက်လာ၏။ ကျွန်ုပ်သည် သူ့ကို တစ်ကြိမ်မျှ မတွေ့ဖူးသည့်ပြင် သူ၏ကိစ္စကိုလည်း မခန့်မှန်းတတ်သည်နှင့် အမ်းတန်းတန်းဖြစ်ကာ နေရာထိုင်ခင်းပေးလေရာ သူကလည်း ရဲတင်းသော အမူအရာမရှိဘဲ ခပ်တွန့်တွန့်နှင့်ပင် ဝင်၍ထိုင်၏။ ကျွန်ုပ်က ကိစ္စကို မေးသောအခါ သူက ဝတ္ထုတစ်ပုဒ် ရေးထားကြောင်း၊ ၎င်းကို ကျွန်ုပ် ကြည့်ရှု ပြင်ဆင်ပေးစေလိုကြောင်း ပြောလေသည်။

ကျွန်ုပ်သည် ဤကိစ္စမျိုးနှင့် လာသော ရှင်လူရဟန်းများကို မကြာခဏ တွေ့ရဖူး၍ ၎င်းတို့၏ စာမူများကို ဖတ်ကြည့်သောအခါများတွင် ပုံနှိပ်လောက်အောင် ကောင်းလှသည် မဟုတ်ခြင်းကို ကြုံရဖန် များခဲ့လှပြီ ဖြစ်သောကြောင့် အင်တင်တင် ဖြစ်သွားမိသည်။ (နောက်ပိုင်း၌ သော်တာ

mgyoe.com

mgyoe.com


ဆွေက ဤအကြောင်းကို စကားစပ်မိ၍ ပြောရာတွင် "ဦးကြီးကို ပထမ အကြိမ် ကျွန်တော် တွေ့လိုက်ရတုန်းက သိပ်ပြီး အထင်မကြီးဘူးဗျ၊ နောက်တော့မှ တဖြည်းဖြည်း ကြာလေ ကြာလေ သဘောကျလာတယ်" ဟု ပြောဖူးလေသည်။)

အလုပ်အကိုင်၊ နေရပ်၊ အသက်အရွယ် စသည်တို့ကို မေးမြန်းကာ စကား အနည်းငယ်ပြောကြပြီးနောက် ကျွန်ုပ်က သူ၏ စာမူကို ယူခိုင်းလိုက်၏။ နောက်တစ်ခေါက် လာသောအခါ ဖိုးကျင်မောင်သည် စာမူကလေးနှင့်အတူ ဆန်တစ်အိတ်လည်း ယူလာ၏။ အချိန်အတန်ကုန်သော အလုပ်တစ်ခုကို လုပ်ပေးရလျှင် လုပ်ခ ရချင်တတ်သော ကျွန်ုပ်၏ ဝါသနာကို ဝန်ခံ၍ ဆန်အိတ်ကို မြင်ရခြင်းကြောင့် ရုတ်တရက် ဝမ်းသာသလို ဖြစ်မိသော်လည်း ဤဆန်အိတ်အတွက်ကြောင့် ညံ့ဖျင်းသော စာမူတစ်ခုကို ကောင်းသည်ဟု မပြောမိဖို့ လိုအပ်ခြင်းကိုလည်း သတိရသည်နှင့် ဆန်အိတ်ကို ရိုးသားစွာ ငြင်းပယ်မိပါသေးသည်။ သို့ရာတွင် ဖိုးကျင်မောင်က "ဦးကြီး စားရအောင် စေတနာနှင့် ပေးခြင်း ဖြစ်ပါသည်" ဟု အတင်းပေးသည်နှင့် လက်ခံလိုက်ရ၏။ ကျွန်ုပ်သည် သူ၏ စာမူကို ချက်ချင်း ဖတ်ကြည့်ဖို့ အချိန်မရသေးသော်လည်း ဖိုးကျင်မောင်က ခဏ ခဏ လာ၍ စကားပြောသည်နှင့် စာမူအကြောင်း မသိရသေးစေကာမူ လူကိုမူကား တိုး၍ တိုး၍ သဘောကျလာလေပြီ။ ကျွန်ုပ်က တစ်ခု သတိပြုမိသည်ကား ဖိုးကျင်မောင်သည် အထင်ကြီးခံချင်၍ ဝင့်ကြွားကာ ဟိတ်ဟန် ထုတ်တတ်သော လူငယ် တစ်ယောက် မဟုတ်၊ ရိုးရိုးကလေး တင်ပြတတ်သူ တစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ် အကဲခတ်မိသည်။ ဤတစ်ချက်သည် သူနှင့် ကျွန်ုပ် ရှေ့အဖို့တွင် ကြာရှည်လေးမြင့် ဆက်ဆံ၍ ဖြစ်နိုင်မည့် လူငယ်တစ်ယောက်ဖြစ်ကြောင်း ညွှန်ပြ၏။ ကျွန်ုပ်၏ ဝါသနာတစ်ခုမှာ လူကြွားများကို အမိဖမ်း၍ ဖော်ထုတ်ချင်တတ်ပေရာ

mgyoe.com

mgyoe.com


(ကောင်းလှသော ဝါသနာတော့ မဟုတ်ပါ။) ဖမ်း၍ မိသည်ဆိုလျှင် သူတို့သည် ကျွန်ုပ်အား သောက်မြင်ကတ်သွားသည်က များလေသည်။

## အပြန်အလှန် နားလည်ခွင့်ရခြင်း

ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တူသော ဝါသနာကလေးအချို့ရှိ၍ (သုရာကို ရည်ရွယ်ခြင်း မဟုတ်) တစ်ကြိမ်ထက် တစ်ကြိမ် ခင်မင်ရင်းနှီးခြင်း ရှိလာကြရာ တစ်နေ့သည်၌ ဝင်းမောင်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ ကျွန်ုပ်တို့ နှစ်ယောက် လိုက်သွားကြသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏ စာမူကိုလည်း ယူခဲ့၏။ ပထမ၌ ကျွန်ုပ်သည် သူ့စာမူကို ဖတ်လျှင်ဖတ်ချင်း စုံထောက်ဝတ္ထုဖြစ်ခြင်းကို ရိပ်မိ၍ အတော် စိုးရိမ်မိ၏။ စိုးရိမ်ခြင်းကား ကျွန်ုပ်၏ မောင်စံရှားဝတ္ထုများမှာ ကမ္ဘာကျော်ရှားလော့ဟုမ်းကို မှီး၍ ရေးခြင်းဖြစ်ရာ သူက ၎င်းကို အားကျပြီး စုံထောက်ဝတ္ထု ရေးမည်ဆိုလျှင် ဖတ်ပျော်သော ဝတ္ထုတစ်ခု ဖြစ်လာနိုင်ဖို့ ခဲယဉ်းသည်ဟု ကျွန်ုပ် ယူထားသောကြောင့် ဖြစ်၏။ သို့သော် ဆက်လက်၍ ဖတ်ကြည့်ရာတွင် ဖတ်ပျော်သော စုံထောက်ဝတ္ထုတစ်ခု ဖြစ်နေခြင်းကို တွေ့ရ၍ ဝမ်းသာမိသည်။ ဤအကြောင်းကို ဖိုးကျင်မောင်အား ပြောပြ၍ သူလည်း ဝမ်းသာသည်။ ဤညဥ့်၌ ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တွေ့ကရာရှစ်သောင်း စကားများကို ပြောပြကြရာ တစ်ညတည်းနှင့် အတော်ကြီး ရင်းနှီးပြီး တစ်ယောက်ကို တစ်ယောက် နားလည်သောအဖြစ်သို့ ရောက်သွားကြ၏။ တစ်ညလောက် အတူအိပ်၍ ပြောချင်ရာတွေ ပြောကြခြင်းကဲ့သို့ လူတစ်ယောက်နှင့် တစ်ယောက် နားလည်မှုရစေနိုင်သော အခြင်းအရာ တစ်ခုကို ကျွန်ုပ် မကြုံဖူးပါ။ နားလည်စေနိုင်သည်ဟု ဆိုပါသည်။ သဘောကျစေနိုင်သည်ဟု မဆိုလိုပါ။ အချို့မှာ တစ်ယောက်ကို တစ်ယောက် ဓာတ်သိရုံသာ သိပြီး သဘောမကျသော

mgyoe.com

mgyoe.com


အဖြစ်သို့ ရောက်သွားခြင်းများလည်း ကြုံရဖူးပါသည်။ ဖိုးကျင်မောင်သည် ကျွန်ုပ်အား ထိုညမှစ၍ ဆရာသမားအနေဖြင့် အသိအမှတ်ပြုသွားဟန် တူပေရာ သူသည် ကျွန်ုပ်အား ဘာကို ဆရာတင်သည် မဆိုနိုင်။ (ဝတ္ထုရေးရာ၌လည်း တစ်ဂိုဏ်းစီ ဖြစ်သည်။) သို့သော် ကျွန်ုပ်၏ စာအရေးအသားနှင့် ပတ်သက်၍ သဘောကျသော အချက်များ ရှိသည်ဟူ၍ကား ပြောဖူးပါသည်။ ကျွန်ုပ်သည် ဘာသာပြန်သမားတစ်ယောက် အနေဖြင့် ထင်ရှားသူ တစ်ယောက် ဖြစ်သည် မှန်သော်လည်း ကျွန်ုပ်၏ တပည့် နှစ်ယောက်ဟု ဝန်ခံကြသော ဖိုးကျင်မောင်နှင့် ဖိုးကြီးမောင်တို့က ကျွန်ုပ်၏ ဘာသာပြန်တပည့်များ ဖြစ်လိုကြသည့် ရည်ရွယ်ချက်များ ရှိကြပါမူ ခပ်စောစောက လက်လျှော့ကြဖို့ ကျွန်ုပ် အကြံပေးလိုက်ပါသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏ စုံထောက်ဝတ္ထုတွင် နိဒါန်း ရေးပေး၍ ရှုမဝက ရိုက်နှိပ်ထုတ်ဝေရာတွင် အောင်မြင်သည်ဟု ကြားရ၍ ဝမ်းသာလှသည်။

## ခုတစ်မျိုး ခုတစ်မျိုး

တစ်နေ့သ၌ ဖိုးကျင်မောင်သည် ကျွန်ုပ်၏အိမ်သို့လာ၍ အထက်မြစ်ညာ၌ ဆန်ရောင်းရန် သူ၏အရပ် (ပေါင်းတည်) မှ ဆန်အိတ် အမြောက်အမြား ယူလာခဲ့ကြောင်း၊ မော်တော်ဘုတ်တစ်စင်း ငှား၍ ကသာသို့ ဆန်တက်မည် ဖြစ်ကြောင်း ပြော၏။ ဤမျှလောက် ငွေအရင်းအနှီး ကောင်းသူတစ်ယောက်က စာရေးဆရာဖြစ်ဖို့ ရည်ရွယ်ချက် ရှိရလေသလောဟု ကျွန်ုပ်ပင် အံ့သြမိပါသေးသည်။ မည်သို့ပင်ဖြစ်စေ သူ ထွက်မည့်နေ့၌ ကျွန်ုပ်သည် မြစ်ဆိပ်သို့ဆင်း၍ သူ့ကို နှုတ်ဆက်ရင်း သူဌေးသားကလေးပေလောဟု မုဒိတာ ဖြစ်မိပါသေးသည်။ ထို့နောက် ကျွန်ုပ်သည် ဖိုးကျင်မောင် မပေါ်လာသည်နှင့် သူ့ တည်းအိမ်သို့သွား၍

mgyoe.com

mgyoe.com


စုံစမ်းရာ ရှစ်လတိုင်တိုင် ဘာသတင်းမှ မကြားရသည်တွင် စစ်ပြီးခါစ ဖြစ်၍ ခပ်ရှုပ်ရှုပ် ရှိနေသေးသည့် အညာတစ်ခိုအကြောင်းကို သိရသည်နှင့် သူ့ဒွေးသားတစ်ယောက် တစ်စခန်း သိမ်းသွားချေပြီလောဟု စိုးရိမ်ပူပန်မိပါသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် ဓားတန်းရပ်မှ ဂုံတန်းရပ်သို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိရာ တစ်နေ့သ၌ ဖိုးကျင်မောင် ပေါ်လာ၍ သူ၏ ဆန်းကုန်သည် ဓာတ်ရှုပ်ကြီးအကြောင်းကို အလုံးစုံ ရှင်းလင်း ပြောပြသည်တွင်မှ သူ၏ သူ့ဒွေးသားအဖြစ်မှာ ကျွန်ုပ်၏ စိတ်ကူးယဉ်သက်သက် ဖြစ်ကြောင်း သိရပါသည်။ တစ်ညနေ၌ ကျွန်ုပ်သည် ထမင်းစားတော့မည်ပြုဆဲတွင် ဖိုးကျင်မောင်အား ရုံတော်ကြီးသို့ ဘိုင်စကယ်ဖြင့် အစိမ်းကြော်အဝယ်ခိုင်းရာ နှစ်နာရီကျော်မှ ပြန်လာ၍ ကသာသို့ ဆန်ရောင်းသွားစဉ်က မိန်းမတစ်ယောက်နှင့် ဓာတ်ရှုပ်ခဲ့ပုံအကြောင်းနှင့် ထိုမိန်းမနှင့် ယခုတွေ့ရပုံများကို ပြောပြလေသည်။ ကျွန်ုပ်တို့ကားတမျှော်မျှော်နှင့် စောင့်နေကြပြီးမှ ဆာလွန်းလှသည်နှင့် ညစာစားလိုက်ကြပြီဖြစ်ရာ သူဝယ်ခဲ့သော အစိမ်းကြော်ကို ညလယ်စာအဖြစ်နှင့် စားကြရပါတော့သည်။ ဖိုးကျင်မောင်သည် ၎င်းမိန်းမအကြောင်းကို ကျွန်ုပ်အား အမျိုးမျိုးပြောပြ၍ မဂ္ဂဇင်းများ၌လည်း အမျိုးမျိုးရေးခြင်းများကို ဖတ်ရသည်တွင် ကျွန်ုပ်က "မင့်ဟာ ဘယ့်နှာလဲကွ၊ ခုတစ်မျိုး ခုတစ်မျိုး ပြောလိုက် ရေးလိုက် ဖြစ်နေပါပြီကော၊ ဘယ်ဒင်းက အမှန်လဲကွ" ဟု မေးရာ သူက "အခု နောက်ဆုံးပြောတာ အမှန်ပါပဲ ဦးကြီး" ဟု ပြော၏။ နောက် တစ်ဖန်တစ်မျိုး ပြောင်း၍ ပြောပြန်သည်တွင် ကျွန်ုပ်က "ဟော့ ဖိုးကျင်မောင် တစ်မျိုးလုပ်လာပြန်ပြီ၊ ဘယ်ဒင်းကို အတည်ယူရမှာလဲကွ" ဟု မေး၍ "ခုဟာမှ အမှန်ပါ ဦးကြီး" ဟု ပြောပြန်၏။ နောက်ဆုံး၌ ကျွန်ုပ်က "ဒီကိစ္စမှာတော့ မင်းက ဘာပြောပြော ဘယ်ဒင်းမှ မယုံတော့ဘူးကွာ" ဟု ပြောလိုက်ရသည်။ ဖိုးကျင်မောင် တော်သောအချက်မှာ

mgyoe.com

mgyoe.com


ဤမိန်းကလေးအကြောင်းကို ရေးရာ၌ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ကြည့် မိသောကြောင့်သာ အမှားဖမ်း၍ ရသည်။ တစ်ခုတည်း ဖတ်ကြည့်ပါမူ မည်သည့် အတ္ထုပ္ပတ္တိကို ဖတ်ကြည့်သည် ဖြစ်စေ၊ အဟုတ်တကယ် ထင်ရလောက်အောင် ယုတ္တိယုတ္တာ ဆင်၍ ရေးထားသည်ချည်း တွေ့ရ လေသည်။ ကျွန်ုပ် မကျေနပ်သောအချက်မှာ ဤသို့ ဖြစ်၏။ အတ္ထုပ္ပတ္တိ တစ်ခု၌ မီးရထားပေါ်တွင် ဖိုးကျင်မောင်အား လူဆိုး ကြမ်းပိုးများက ဝိုင်း၍ ရိုက်ကြသောအခါ မိန်းကလေးသည် ဖိုးကျင်မောင်အား ကိုယ်လုံး နှင့် ဖုံးအုပ်၍ အကာအကွယ်ပေးသည်ဟု ပြောသောကြောင့် ကျွန်ုပ်သည် မိန်းကလေးကို မြင်တွေ့ရသောအခါ၌ ဟီးရိုးဝင်းတစ်ယောက်သဖွယ် အထင်ကြီးခဲ့မိဖူးသည်။ နောက်တစ်ဖန် ဤအကြောင်းကို ပြောပြန်ရာတွင် ဟီးရိုးဝင်း အပြုအမူသည် နောက်ဇာတ်လမ်းနှင့် မကိုက်ညီ မဆီလျော် တော့သည်ဖြစ်၍ ကိုယ်လုံးဖြင့် ဖုံးဖိထားသည်ဆိုခြင်းမှာ မဟုတ်ပါဟု ပြောပြန်လေသည်။ စာဖတ်သမားတစ်ယောက်အနေဖြင့် အထင်ကြီး အောင် လုပ်ထားပြီးမှ ဖျက်ပစ်ခြင်းကို မကြိုက်နိုင်သည်နှင့် "ငါ့လခွေးတဲ့၊ တော်ပါတော့ကွာ၊ မင်းဥစ္စာတွေ ငါ ဘယ်ဒင်းမှ မယုံတော့ပါဘူး" ဟု ပြောလိုက်ရလေသည်။

ရွှေဥဒေါင်း၏ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များမှ

❑

mgyoe.com

mgyoe.com

# အမေညိုပြောသော ဆရာသော်တာဆွေအကြောင်း

အမေညို

ကိုဆွေကို သတိရလိုက်တာ။ ကိုဆွေရော၊ ကိုတင့်တယ်ကော အမေက သူတို့ကို ခေါ်တာ ကိုဆွေ၊ ကိုတင့်တယ်၊ ကို–ဦးသာခ သုံးယောက်။ သူတို့က အဲဒီလွန်ခဲ့တဲ့ နှစ် ၅၀ လောက်တုန်းက ၃၀ ရဲ့ အောက်မှာ ၂၈၊ ၂၉ အဲဒီအရွယ်။ ပြောရဦးမယ်၊ ညက မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင် နှစ် ၅၀ ရွှေရတုသဘင်အစီအစဉ်ကို ကြည့်လိုက်ရတော့ ကာ ကိုဆွေကို သွားပြီးသတိရလိုက်တယ်။ (၁၅–၂–၉၆ ရက်နေ့တွင် ထုတ်လွှင့်သွားသည့် လွမ်းရစ်တော့ငြိမ်း ဓာတ်လမ်းကို ဆိုလိုခြင်း ဖြစ်သည်။) နှစ် ၅၀၊ လွန်ခဲ့တဲ့ နှစ် ၅၀။ အဲဒီတုန်းက ရေဒီယိုပေါ်ခါစ၊ အမေတို့အိမ်မှာ ရေဒီယိုရောက်ပြီပေါ့။ ရောက်တော့ ဘိုးဘိုး ဦးသာခ က ဘာနဲ့လုပ်ထားလဲဆိုတော့ အော်လံကြီးနဲ့ အိမ်ရှေ့ကို ထုတ်ထား တယ်။ ရေဒီယိုပေါ်စဆိုတော့ လူတွေက လာနားထောင်ကြတယ်။ အမလေး... ပွဲလေးတစ်ခုလိုပဲတော့။ အိမ်ရှေ့မှာ အဲဒါကို ညတိုင်း ဖွင့်

mgyoe.com

mgyoe.com


ပေးတယ်။ အဲဒီလိုဆိုတော့ အမေက 'အော်' လို့ ညက အဲဒါ ပြန်တောင် သတိရသေးတယ်။ ဘာတဲ့ ကျန်းမာတော်မူကြပါစရှင်ဆိုတာ နှုတ်ခွန်းဆက်စကား။ အဲဒီအသံကို ကိုဆွေက သိပ်သဘောကျတယ်။ အဲဒါကို နားမထောင်ရလို့ရှိရင် တစ်ခါတလေ စိတ်ဆိုးသေးတယ်လေ။

အဲဒီတုန်းက အမေတို့က ဘာလုပ်လဲဆိုတော့ စာပုံနှိပ်တိုက်လုပ်တယ်။ ဘိုးဘိုးဦးသာစုတို့က စာပုံနှိပ်တိုက် လုပ်တယ်၊ ပေါင်ဒါလုပ်တယ် ဘာတယ်ပေါ့။ ဒီတော့ အမေတို့အိမ်မှာ ပုံနှိပ်စက်ရှိတယ်။ ပဒေသာမဂ္ဂဇင်းလုပ်တယ် သား။ မနက်မိုးလင်းရင် စောက ပြောတဲ့ နှုတ်ခွန်းဆက်စကား "ကျန်းမာတော်မူကြပါစရှင်" ဆိုတဲ့အသံကို နားထောင်ပြီးပါမှ ကိုဆွေနဲ့ ကိုတင့်တယ်က အလုပ်စားပွဲကို ရောက်လာကြတော့တာပဲ။ အဲဒီတုန်းက ကိုဆွေက ဘယ်မှာအလုပ်လုပ်တယ်၊ အလုပ်တစ်ခုခု၊ သည့်အပြင်မှာ လုပ်သေးတယ်။ ရုံးတို့ ဘာတို့ပေါ့ သွားရယ်။ ကိုတင့်တယ်ကလည်း ရုံးအလုပ်တစ်ခုလုပ်တယ်။ ဘိုးဘိုးဦးသာစုကတော့ အိမ်ကအလုပ်ပေါ့၊ ပုံနှိပ်တိုက်အလုပ်ပေါ့။ အဲ... မိုးလင်းရင် သူတို့နှစ်ယောက် ရောက်လာကြပြီးရင် စားပွဲမှာ ထိုင်ကြတယ်။ စားပွဲတစ်ခု လုပ်ထားတာပေါ့ကွယ်။ ပဒေသာမဂ္ဂဇင်းလုပ်တာ အယ်ဒီတာစားပွဲပေါ့။ အဲဒီမှာထိုင်ပြီးရင် စကားစမြည် ပြောလို့နေတော့ ခုနပြောသလို "ဒီနေ့များဗျာ ကျုပ်ကို စောစောမနှိုးလို့ စိတ်မကောင်းဘူးတဲ့" ဘာဖြစ်လို့လဲဆိုတော့ "ကျန်းမာတော်မူကြပါစရှင်" ဆိုတဲ့ နှုတ်ခွန်းဆက်စကားလေးက မိန်းမ... မိန်းမ ပြောတဲ့အသံကို သူ ကိုဆွေက သိပ်သဘောကျတာကိုး။ အဲဒီလေလှိုင်းကလာတဲ့ အသံသာလေးကို သူ မကြားလိုက်ရတဲ့နေ့ဆိုရင် အဲလိုပြောတော့တာပဲ။ ဒါကြောင့် အမေ ညက သွားသတိရလိုက်သေးတယ်။ သြော်... ကိုဆွေ အဲဒီလိုလေး အခါခါပြောခဲ့တာပါကလားလို့ပေါ့။ အဲဒီတော့ ကိုဆွေက မိုးလင်းရင်

mgyoe.com

mgyoe.com


ရောက်လာတယ်။ ကိုတင့်တယ်လည်း ပါတယ်။ ဘိုးဘိုးက အိပ်တုန်း။ အဲဒီအိပ်တုန်းဆိုတာ ဟင် ဘိုးဘိုးက... အဲ၊ အဲဒီတုန်းက ဘိုးဘိုး ဘယ်ဟုတ်မလဲ သားရဲ့၊ ဟား... ဟား... ဟား... ဘိုးဘိုးကလည်း ၂၈ နှစ်လောက်ပေါ့။ အမေလည်း ၂၇...၂၈၊ အဲလောက်ပဲ ရှိသေးတာပဲ။ ဒါပေမဲ့ ခုတော့ မေမေက ဘိုးဘိုး ဦးသာစု၊ ဘိုးဘိုး ဦးသာစုပြောနေတာ၊ သူက အိပ်တုန်း။ ကိုဆွေနဲ့ ကိုတင့်တယ်တို့က လာပြီဆိုရင် သူတို့က ဘာလုပ်လဲ၊ ရေးစရာရှိရေး။ ရေးတယ်သားတယ်ဆိုရင် အမေ ခုနေမျှား စဉ်းစားကြည့်မိတယ်။ အခု အယ်ဒီတာတွေတော့ မပြောတတ်ဘူးလို့။ ဘယ်လို အမလေး သူတို့ကတော့ ရေးစရာရှိရင် တန်းခနဲ ရေးချလိုက်တာပဲ။ ထမင်းစားရေသောက် လွယ်လွယ်ကလေးပဲ... စဉ်းစားလို့ ဘာလို့ ညာလို့၊ ခေါင်းကုတ်လို့လည်း မရှိဘူးကွဲ့။ သိပ်ကျွမ်းကျင်တာပဲ။

သူတို့ တော်ကြတာကို ပြောတာပါ။ စကားပြောရင်း ရေးရင်း ရေးရင်း၊ စကားပြောရင်း ဝတ္ထုဆိုလည်းဟုတ်၊ ဆောင်းပါးဆိုလည်း ဟုတ်၊ ပြီးသွားတာပဲ။ ဖတ်လို့လည်းကောင်း၊ ဘာရေးရေး၊ ဘယ်လိုရေး ရေး ဖတ်ကောင်းတာချည်းပဲ။ အဲဒီလို သုံးယောက်စလုံး၊ သူတို့၊ ဘိုးဘိုး ရောပေါ့။ အဲဒီချိန်တုန်းက အမေက ဘာလုပ်ရသလဲဆိုတော့ အမေက မင်းတို့ အခု ကိုကိုကြီးဝဏ္ဏဟာ နှစ်နှစ်၊ သုံးနှစ်လောက် ရှိသေးတယ်။ ငယ်ငယ်လေးပဲ ရှိသေးတယ်။ စာမူတွေလာတယ်၊ အများကြီးပဲ။ သူတို့ ဘယ်ဖတ်နိုင်မလဲ။ မနက်ပိုင်း စလာ၊ ပြီးတော့ ရုံးကိုသွားကြ၊ ဟော... ညနေ ၄ နာရီ၊ ၅ နာရီပြန်လာကြ၊ ဆက်လုပ်ကြ၊ ည ၈ နာရီ ၉ နာရီ အချိန်ပိုင်းထိပေါ့။ ဒီတော့ အလုပ်က ဘယ်လိုဖြစ်လဲဆိုတော့ ဒီစာမူတွေဖတ်ဖို့ အလုပ်ကို သူတို့သုံးယောက်စလုံး ဖတ်ကြတာပေါ့ကွယ်။ သူတို့ အဲဒီအချိန်တုန်းက အမေကြည့်တယ်။ အယ်ဒီတာက သုံးယောက် သူတို့ပဲ။ ဘယ်သူက အယ်ဒီတာ၊ ဘယ်သူကဘာ မဟုတ်ဘူးကွဲ့။

mgyoe.com

mgyoe.com


အားလုံးတူတူ ဝိုင်းလုပ်ကြတယ်။ ဟုတ်တယ်၊ သိပ်ပျော်စရာကောင်းတာ။ အဲ... သူတို့က ကြာလာတော့ သိပ်မဖတ်နိုင်ကြတော့ဘူး။ ဒီတော့ အမေက ဖတ်ရတယ်။ အမေကလည်း ဖတ်ချင်ချင်ကိုး။ စာမူလာသမျှ ဖတ်ပြီးတော့ သုံးပုံ ပုံရတယ်။ စားပွဲမှာ သုံးခုပေါ့။ အကန့်ကလေးတွေ သုံးခု လုပ်ထားတယ်။ အမေက စာမူတွေ အကုန်ဖတ်ပြီးရင် အကောင်းဆုံးထည့်ပါ။ ဒီအထဲကို ထည့်တော့ဆိုတဲ့အပုံက ၁ မှာ ထားတယ်။ အတန်းအစား ခွဲလိုက်တာပေါ့။ ဒါတော့ မထည့်နဲ့တော့၊ လုံးလုံးကို မတန်ဘူးပေါ့ကွယ်။ စာမူမကောင်းဘူးဆိုတာက ၃ မှာ ထားတယ်။ ပြီးတော့ အလယ်ပုံကျတော့ ရှင်တို့ ဖတ်ကြည့်ကြဦး၊ ကျုပ်ကတော့ ဒါနဲ့ဒါ ပိုကြိုက်တယ်။ ဒီအလယ်ပုံကတော့ ဖတ်လိုက်၊ ပြန်ဖတ်လိုက်ပါ။ သူတို့ ပြန်ပြီးတော့ စိစစ်လိုက်၊ မကောင်းရင် သုံးကိုပို့၊ ကောင်းရင် ၁ ကို ပို့။ အဲဒီအလုပ်ကို အမေက လုပ်ပေးတာ။ သူတို့ သိပ်သဘောကျတယ်။ စာမူဖတ်ရတာ သက်သာသွားကြတာကိုး။ အမေ့ကို ဘယ်သူက ခိုင်းတာလဲဆိုတော့ ဟို... ကိုတင့်တယ်က "မညိုရယ်တဲ့... ကျွန်တော်တို့ကို ကူပါဦးတဲ့" အဲဒီတုန်းက ဟိုဒင်းလည်းပါတယ်ကွဲ့။ ဗန်းမော်တင်အောင်၊ ဗန်းမော်တင်အောင်တို့လည်း တိုက်ကို လာတတ်ကြတယ်။ အဲလို အမေက စီမံခန့်ခွဲလုပ်ပေးလိုက်တော့ သူတို့မှာ သုံးခုဖတ်ရမယ့်ဟာကို တစ်ခုပဲ ဖတ်ရတယ်။ သူတို့အတွက် အလုပ်အင်မတန်နည်းသွားတယ်။ သူတို့ သိပ်သဘောကျကြတယ်။ အမေ့ကို မိုးလင်းလို့ သူတို့ နှစ်ယောက် ရောက်လာတာနဲ့ လုပ်ပါဦး၊ ကူချည်ပါဦးပေါ့။ အမေကလည်း ဖတ်ချင်ချင်ကိုး။ အမေကလည်း စာဖတ်သိပ်ဝါသနာပါတယ်။ အဲ... သည်တော့ အမေ့ကို ဘယ်သူက နာမည်ပေးတယ်မှတ်လဲ။ ကိုသော်တာဆွေက အမေ့ကို "ဟာ မညို၊ မညိုက ခြေထောက်အယ်ဒီတာပဲ" တဲ့လေ။ သတိရသေးတယ်။ ကိုဆွေက အမေ့ကို လက်ထောက်

mgyoe.com

mgyoe.com


အယ်ဒီတာရယ်လို့ မပြောဘဲ ခြေထောက်အယ်ဒီတာတဲ့တော့။ အဲလို နာမည်ပေးခဲ့တယ်။ နောက်ပြောရဦးမယ်၊ သူတို့နှစ်ယောက်က အရက်သောက်ကြတယ်။ သားတို့ ဘိုးဘိုးသာစုက အရက်မသောက်ဘူး။ အဲ... ဒါပေမဲ့ စီးကရက် အရမ်းသောက်တယ်။ ဘယ်လောက်ထိ သောက်လဲဆိုတော့ မီးကူးသောက်တာ၊ ဆေးလိပ်သောက်ပြီပေ့ဆိုရင် မီးခြစ်ကိုတစ်ခါပဲ ခြစ်ရတယ်။ တစ်လိပ်ကုန်သွားရင် အဲဒီတစ်လိပ်မီးနဲ့ နောက်တစ်လိပ် မီးတို့ပြီးသောက်တယ်။ အဲလို မီးကူးသောက်တော့ကာ သားဘိုးဘိုး သာစုကို တွေ့ဖူးတယ်မဟုတ်လား။ အသားမည်းတယ်နော်။ ဘိုးဘိုးသာစုရဲ့ အဲဒီအမည်းရောင်လက်ချောင်းလေးတွေ လက်ကြားတွေမှာ စီးကရက်ဆေးကြေး(ဂျီး) အဝါရောင်က ဖုံးသွားတယ်။ အဲလောက်သောက်တာ။ အရက်သောက်တာကိုတော့ သူကမုန်းတယ်။ ဒါကြောင့်ဟိုနှစ်ယောက် အရက်သောက်လာပြီဆိုရင် စိတ်ဆိုးတယ်ဆိုပေမဲ့ သူတို့က သောက်တတ်ကြတဲ့သူတွေဆိုတော့ သောက်ဖို့လို့ ခွင့်ပြုရတာပေါ့ကွယ်။ တစ်နေ့ အမေ သွားကိုက်နေတော့ကာ ဆရာစန္ဒြက အဲဒီတုန်းက သူလည်း အသက် ၃၀ အောက်ပေါ့။ အဲ... ဆရာစန္ဒြက အရက်ပြားလေးတစ်လုံး သွားဝယ်။ ပြီးတော့ ဂွမ်းလေးနဲ့ဆွတ်ပြီး ကိုက်နေတဲ့သွားပေါက်ထဲကို ထည့်ပေးတယ်။ အောင်မလေး... ချက်ချင်းသက်သာသွားတယ် သား။ ဒီတော့ အမေလည်း အဲဒီအရက်ပုလင်းပြားလေးကိုအသေအချာသိမ်းပြီး မနက်ကျောင်းသွားခါနီး ဂွမ်းလေးနဲ့ အရက်ကိုဆွတ်ပြီး သွားပေါက်ထဲ ထည့်၊ ပြီးတော့ ကျောင်းသွား။ အဲလိုပဲ မှန်မှန်လုပ်နေတာ။ အောင်မယ်... အမေ့ပုလင်းပြားလေးက အရက်တွေ လျော့တာ မြန်လိုက်တာပေါ့။ မဖြစ်နိုင်တာ၊ အမေက သုံးတယ်ဆိုတာ ဂွမ်းလေးနဲ့တင်ဆွတ်ပြီး အစက်ချရုံ။ ခုတော့ အများကြီးလျော့သွားတယ်ပေါ့။ ဘယ်ဟုတ်မလဲ ကိုဆွေလေ၊ ကိုဆွေတို့နှစ်ယောက် ယူယူသောက်

mgyoe.com

mgyoe.com


ကြတာကိုး။ ဒါတင်ပဲလား၊ ဘယ်ဟုတ်မလဲကွယ်… အမေက ကျောင်းသွားခါနီး ချက်ပြုတ်၊ ကြော်လှော်သွားတဲ့ ကြက်ကြော်ကို သူတို့နှစ်ယောက်က အမြည်းလုပ်ပစ်လိုက်သေးတယ်။ သူတို့ လုပ်ချင်တာတွေလုပ်ပြီးရင် အမေ့ကို လာချော့ကြတော့တာပဲ။ တစ်ခါတလေ ကျောင်းအထိ လိုက်လာကြတယ်။ ဘိုးဘိုးသာစုက အရက်သောက်တာ မကြိုက်ဘူးဆိုပေမဲ့ သူတို့နှစ်ယောက်ကို ဘိုးဘိုးသာစုက ကားမောင်းလိုက်ပို့တယ်လေ။ သူတို့က အရက်ကို အဲလောက် ပေပေတေတေ သောက်ခဲ့ကြပေမဲ့ သူတို့ရဲ့စာတွေက သိပ်ကောင်းတာပဲ။ ပါရမီရှင်တွေ ဖြစ်မယ်နော်။ ဘာရေးရေး ဖတ်လို့ကောင်းနေတာပဲ။ ကိုဆွေကဆို ပိုသေးတယ်။ အမေ နည်းနည်းလေး မလှုပ်လိုက်နဲ့၊ သူ့အတွက် စာတစ်ပုဒ် ဖြစ်သွားတာပဲ။ တော်တယ်၊ သိပ်တော်တယ်။

အမေက သားဖလကိုမွေးတော့ ဂျင်မခါနာမှာ မိုးလင်းတာနဲ့ ရောက်လာတာကတော့ ကိုဆွေတို့နှစ်ယောက်ပဲ။ နေ့တိုင်း မိုးလင်းတာနဲ့ ရောက်လာကြပြီပေါ့။ အဲလိုလူတွေ။ မင်းတို့ဘိုးဘိုးသာစုက ညမှရောက်လာတတ်တယ်။ လူတွေ မရှိတော့ဘူးဆိုမှ လာတယ်။ သူလာပြီဆိုရင် တာဝန်ကျ ဝန်ထမ်းတွေ စားဖို့ဆိုပြီး ခေါက်ဆွဲထုပ်တွေ၊ စားစရာတွေ ဝယ်ဝယ်လာတတ်တယ်။ ဂိတ်ဝစောင့်ကုလားကို မုန့်ဖိုးလေး ဘာလေးပေးပြီး တက်လာတာပေါ့ကွယ်။

တစ်ခါကွယ်… စိတ်ဆိုးရလည်းခက်၊ ရယ်ဖို့လည်းကောင်း၊ အမေ့ပုံကို ပန်းချီဆရာဆွဲခိုင်း၊ ဘယ်လိုပုံမှတ်လဲ… ယောက်မကြီးနဲ့တော့ အဲလို ပန်းချီရေးခိုင်းပြီး အမေ့နာမည်တပ် ရေးတော့တာပဲ။ အမေက ညအိပ်ရင် နံရံထောင့်မှာ အိပ်တာကိုး။ သည်တော့ တစ်ရေးနိုးထတတ်တဲ့အခါ သားသိတယ်မဟုတ်လား။ မင်းတို့ ဘိုးဘိုးသာစုက အရပ်ရှည်တော့ကာ ခြေထောက်နဲ့ ခုတင်နဲ့က အတိုလိုဖြစ်နေတော့ အမေက

mgyoe.com

mgyoe.com


ကိုယ့်လင်သားရဲ့ခြေထောက်ကို ကျော်ခွပြီးလည်း မသွားချင်ဘူးလေ။ သည်တော့ အမေက ဘာလုပ်လဲဆိုတော့ အမေအိပ်တဲ့ ထောင့်နံရံကို ဟထားပြီး အဲဒီကနေ တစ်ဆင့် ခုတင်အောက်ကနေ တိုးထွက်လုပ်ရတာ ပေါ့။ အဲဒါကိုလေ ကိုဆွေကသိတော့ "မညိုက လင်သားကို အင်မတန် ရိုသေတဲ့ မိန်းမ" ဆိုပြီး စာဖြစ်အောင် ရေးသေးတယ်လေ။

အင်းလေ... သူ ဘာရေးရေး စာဖြစ်နေတာပဲ။ ဘယ်လိုရေးရေး ကောင်းနေတာပဲ။ တော်တယ်။

သူ့အကြောင်းကို သည့်ထက် ပြည့်ပြည့်စုံစုံသိချင်ရင် ဆရာကြီး ဦးခင်မောင်လတ်နဲ့ မမမြကိုမေး။ မမမြဆိုတာ ဒေါ်ခင်မျိုးချစ်လေ။ အမေက မမမြလို့ပဲခေါ်တယ်။ သူတို့နဲ့ ကိုဆွေက ပိုပြီးရင်းကြတယ်။ သားသမီးလိုပဲ နေလာခဲ့ကြတာကွဲ့။

❑

mgyoe.com

mgyoe.com

# ဆရာသော်ရဲ့ ဘဝတစ်ကွက်

တင်မိုး

ဆရာသော်တာဆွေကို ကျွန်တော်တို့က 'ဆရာသော်' လို့ပဲ ခေါ်ကြပါတယ်။

ဆရာသော်က ကျွန်တော့်ထက် တစ်နှစ်လောက်စောပြီး အင်းစိန်ကို ရောက်တယ်။ မဂ္ဂင်ကျောင်းလမ်းမှာ နေလေတော့ ကျွန်တော်တို့နဲ့ မဝေးလှဘူးပေါ့။ ကျွန်တော်က မင်းကြီးလမ်း မညကကုန်းမှာလေ။ ကျွန်တော့်အိမ်က ဆက်လျှောက်လိုက်ရင် ပထမဆုံး ဟိုက်ပတ်လမ်းကို တွေ့။ ဟိုက်ပတ်လမ်းထိပ်မှာ ဆရာသော်ရဲ့ လက်စွဲတော် တပည့်ကျော်ကိုပိုက်။ ပြီးတော့ တရားသူကြီး ဦးခင်ဦး၊ သူက စစ်ကိုင်းသား၊ ဆရာသော်ရဲ့ မိတ်ဆွေကြီး။ အဲ... ဆက်သွားတော့ ဘိုကုန်းဈေး၊ နည်းနည်းဆက်လျှောက်လိုက်တော့ ပျဉ်းမငုတ်တိုမှတ်တိုင်ခင်ဗျ။

အဲ... ပျဉ်းမငုတ်တိုမှတ်တိုင်ဟာ မဂ္ဂင်ကျောင်းလမ်းပါပဲ။ အဲဒီလမ်းမှာ ဆရာသော် နေပါတယ်။

mgyoe.com

mgyoe.com


ဆရာသော်ရယ်၊ အန်တီမေရယ်၊ ကိုယ်ရယ်၊ ကိုယ်ရဲ့ သမီး အက်ဖီရယ် စသဖြင့်ပေါ့လေ။ လူ သိပ်မများလှပါဘူး။ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နေကြတယ်။

ကျွန်တော်တို့က နေ့တိုင်းလောက် ဆုံဖြစ်ပါတယ်။ ဆရာသော်က ဈေးဝယ်ထွက်လာ၊ ကိုပိုက်ကိုခေါ်၊ တောင်သူကုန်းထဲက ယိုးဒယားဈေးလို့ခေါ်တဲ့ ကရင်ဈေးမှာ ဈေးဝယ်၊ ဈေးဝယ်ပြီးရင် ကိုပိုက်အိမ်မှာ ဖွင့်ထားတဲ့ နံ့သာရိပ်ကဖီးမှာ ထိုင်ကြတာကိုး။

ဆရာသော်ဆိုတာက ကျွန်တော်တို့ ကာလသားကတည်းက စွဲစွဲလမ်းလမ်း တမ်းတမ်းတတ ဖတ်ခဲ့ရတဲ့ စာရေးဆရာကြီး မဟုတ်လား။ သူ့ရဲ့ ဟာသဝတ္ထုတွေဆိုရင် မလွတ်တမ်းပေါ့ဗျာ။

လစဉ် ရှုမဝမဂ္ဂဇင်း ရောက်လာပြီဆိုရင် သော်တာဆွေရဲ့ ဝတ္ထုကို လက်ဦးဆုံး ဖတ်ရတယ်။ 'ကျွန်တော် ရုပ်ရှင်မင်းသား'၊ 'ကျွန်တော် ပန်းချီဆရာ'၊ 'ကျွန်တော် ပြဇာတ်မင်းသား'၊ 'ဂေါ်တက္ကသိုလ်'၊ 'ဖိုးသော်တာ စန္ဒာလကိုကွယ်' စတဲ့ ဝတ္ထုတွေနဲ့ လျှမ်းလျှမ်းတောက်နေတဲ့ ကာလကပေါ့ဗျာ။ ကျွန်တော့်သူငယ်ချင်း သုဝဏ္ဏမှာနေတဲ့ ဖိုးကံရွှေဆိုရင် အလွတ်နီးနီးလောက် ရသဗျ။ သော်တာဆွေရဲ့ ဇာတ်ကောင်တွေဆိုရင် သူနဲ့ ဆွေမျိုးရင်းချာလောက် ရင်းနှီးပြီး ဆရာသော်နဲ့တွေ့တော့ "ဘယ်သူကော နေကောင်းရဲ့လား"၊ "အခု ဘယ်သူ ဘာဖြစ်သွားသေးလဲ" စသဖြင့် နှိုက်နှိုက်ချွတ်ချွတ်မေးလိုက်တာ ဆရာသော်တာဆွေတောင် တအံ့တဩ လက်ဖျားခါယူရတယ်။ ဆရာသော်ကိုယ်တိုင်သော်မှ သူ့ဇာတ်ကောင်တွေကို မနည်းပြန် စဉ်းစားယူနေရတာကိုး။

အဲသလောက် ဆရာသော်တာဆွေရဲ့ စာတွေက ပရိသတ်အပေါ်မှာ လွှမ်းမိုးခဲ့လေတော့ ဆရာသော်နဲ့ ကျွန်တော်တို့ တွေ့ကြတဲ့အခါ ဘယ်သူမှ မိတ်ဆက်ပေးစရာမလို၊ အတွင်းသိ အဆင်းသိ၊ ဆရာသော်

mgyoe.com

mgyoe.com


နဲ့ ဆွေမျိုးရင်းပေါ့။ ဘာမိတ်ဆက်ဖို့ လိုတော့မလဲဗျာ။

အင်းစိန်မှာ ဆရာသော်နဲ့ ဆုံရတဲ့အခိုက်မှာ အန်တီမေ လေ့ကား ပေါ်က လိမ့်ကျလို့ ခြေကျိုးပြီး ပက်လက်နေရရှာတဲ့ အခိုက်အတန့်ပေါ့။ ဆရာသော် အတော်ဒုက္ခရောက်ရရှာတယ်။ အစစ အရာရာ သူသာ လုပ်ရရှာတယ်။ အန်တီမေ စားရေးသောက်ရေး၊ ဆေးကုသရေး၊ ချက် ပြုတ်ရေး စသည်ဖြင့်ပေါ့လေ။ အိမ်အရေးမှန်သမျှ ဆရာသော်ချည်းပဲ လုပ်ရရှာတယ်။ ဒီတော့ ဆရာသော်ရဲ့ အရွယ်ကလည်း ၇၀ ကျော်စ ပြုပြီလေ။

ဒီမှာ ဆရာသော်ရဲ့ ကြံ့ခိုင်ပြီး ယောကျ်ားကောင်းပီသတဲ့ အမူ အရာကို တွေ့ရတာပဲ။ လောကဓံဟာ ဆရာသော်ရဲ့စိတ်ဓာတ်ကို စမ်း ကြည့်ပုံရတယ်။ ဘာရမလဲ၊ ဆရာသော်ရဲ့စိတ်ဓာတ်က အာဂစိတ်ဓာတ်။

ဆရာသော်နဲ့တွေ့ရတိုင်း စိတ်ညစ်တဲ့အမူအရာ မတွေ့ရဘူး။ စိတ်ဓာတ်ကျတဲ့ လက္ခဏာ မတွေ့ရဘူး။ ဆရာသော့်ဆီက ညည်းညူသံ တစ်ချက်မှ ထွက်မလာဘူး။ ဆရာသော်ဟာ အိပ်ရာက မထနိုင်ရှာတဲ့ သူ့ဇနီးသည် 'မေ' ရဲ့ နံဘေးမှာ အမြဲရှိတယ်။ အမြဲအားပေးတယ်။ တောရှောက်ခါးရည်ကလေးတွေ လိမ်းပေးရင်း ကြင်ကြင်နာနာ စကား တွေနဲ့ ဖြေသိမ့်တယ်။ သူ့ဇနီးသည် မေရဲ့ အညစ်အကြေးကအစ သိမ်း ဆည်းပေးတယ်။ ဆရာသော်ကို မြင့်မြတ်တဲ့ လင်သားကောင်းတစ်ဦး အဖြစ် တွေ့မြင်လိုက်ရပါတယ်။

ကျွန်တော်တို့ အင်းစိန်က စာပေသမားတွေ တိုင်ပင်ပြီး 'သော်တာ ဆွေ ကန်တော့ပွဲ' လုပ်ကြတယ်။ ဆရာသော်ရဲ့ အိမ်နဲ့နီးတဲ့ 'ဟံသာ ဝတီ ကမ္မဋ္ဌာန်းကျောင်း' မှာ ကျင်းပတယ်။ မောင်လင်းယုန်(ရှမ်းပြည်)၊ မောင်ခိုင်မာ၊ ကိုကြည်နိုင်၊ ကိုဖေမြင့်၊ စိုးမြင့်လတ်၊ ယဉ်မင်းပိုက်၊ ကိုပိုက် စသဖြင့် စာပေသမားအစုံအလင် ဝိုင်းဝန်းဆောင်ရွက်ကြတယ်။ အလွန်

mgyoe.com

mgyoe.com


စည်ပါတယ်။

တစ်ခါက ဆရာသော်ရဲ့သား ကျော်ကျော် ဆုံးတယ်။ ဒေါ်နော်မာနဲ့ ရတဲ့သားပါ။ ကြည့်မြင်တိုင်မှာ နေပါတယ်။ ဆရာသော်၊ ဦးခင်ဦး၊ ကိုပိုက်နဲ့ ကျွန်တော်တို့တစ်တွေ ဈာပနကို သွားကြတယ်။ အသုဘမဏ္ဍပ်မှာ ထိုင်နေကြတုန်း ဆရာသော်က သူ့အင်္ကျီအိတ်ထောင်ထဲက ဓာတ်ပုံကလေးတစ်ခု ထုတ်ပြတယ်။ ဓာတ်ပုံက ဟောင်းလှပါပြီ။ သူ့သားကလေးတွေ ငယ်ငယ်တုန်းက ဓာတ်ပုံ။ ရှင်ပြုတုန်းက ရိုက်ထားတဲ့ဓာတ်ပုံ။ ဆရာသော်ရဲ့အဖေက ပေါင်းတည်မှာ သူ့မြေးတွေကို ရှင်ပြုပေးခဲ့တာတဲ့။ ဓာတ်ပုံကလေး ထုတ်ကြည့်ပြီး အလွမ်းဖြေရှာတဲ့ဆရာသော်ရဲ့အမူအရာကို ကျွန်တော်တို့ မမေ့နိုင်ပါဘူး။

နောက်တစ်ခါ တောင်ဥက္ကလာပကို ဆရာသော်နဲ့အတူ နာရေးကိစ္စတစ်ခုအတွက် သွားခဲ့ရသေးတယ်။ အဲဒါကတော့ သူ အလွန်ချစ်တဲ့ သူငယ်ချင်း ပညာ့တန်ဆောင် ဦးသန်းတင့်ရဲ့ နာရေးပါ။ ပခုက္ကူသားဦးသန်းတင့်ရဲ့ သဘောကောင်းပုံ၊ ကူညီတတ်ပုံ၊ စိတ်နေသဘောထားပြည့်ဝပုံတွေကို တဖွဖွပြောခဲ့ပါတယ်။ တောင်ဥက္ကလာ ၁၆ ရပ်ကွက်ကအပြန် လမ်းတွေ ရေလျှံနေအောင် မိုးသည်းလို့ ဆရာသော်၊ ဆရာမြသန်းတင့်၊ ဆရာကျော်အောင်တို့နဲ့အတူ ပုဆိုးမပြီး ရေထဲဖြတ်ပြန်ခဲ့ရတာကိုသတိရမိပါသေးတယ်။

နောက်တစ်ခါ ဆရာသော်ရယ်၊ ကိုပိုက်ရယ်၊ ကိုနွယ်မြင့် စတဲ့လူအနည်းငယ် ရွာမဘူတာကနေပြီး မြို့ပတ်ရထားစီး၊ ရန်ကုန်ဘူတာကြီးရောက်၊ ကုန်တိုက်(၁)မှာ ဆီချက်ခေါက်ဆွဲဝင်စားပြီး မြို့ပတ်ရထားစီးပြီး အင်းစိန်ပြန်လာ လမ်းခရီးတစ်လျှောက်လုံး စိတ်ဝင်စားစရာ စာပေအတွေ့အကြုံ၊ ဘဝအတွေ့အကြုံတွေကို ရယ်စရာ၊ မှတ်သားစရာတွေပြောခဲ့တာတွေကိုလည်း ကျွန်တော်တို့ မမေ့နိုင်ခဲ့ပါဘူး။

mgyoe.com

mgyoe.com


နောက်… ကိုယ်ဆုံးတယ်လို့ သိရတယ်။ နောက်… အန့်တီမေ ဆုံးသွားရှာပြီလို့ သတင်းရတယ်။ ကျွန်တော်လည်း စိတ်မကောင်းခြင်း များစွာ ဖြစ်မိတယ်။ ဆရာသော်ရဲ့ ကြုံတွေ့ရမယ့် ဘဝလောကခံတွေကို ကိုယ်ချင်းစာမိတယ်။ နောက် ဆရာသော် ပြည်ထောင်စုရိပ်သာကို ရောက်သွားပြီလို့ ကြားရတယ်။

ဆရာသော် နေမကောင်းဘူးလို့ ကြားရတယ်။ ကျွန်တော်လည်း မအားလပ်တော့ ဆေးရုံကို မရောက်ဖြစ်လိုက်ဘူး။ ဆရာသော် ဆုံးတော့မှ ဆရာ့ရှာပနကို လိုက်ပို့ဖြစ်ပါတော့တယ်။

ဆရာသော်နဲ့ ဆုံခဲ့ရတဲ့ ရက်တွေက မများလှပါဘူး။ ဒါပေမဲ့ ဆရာသော်ရဲ့ ရုပ်ပုံလွှာနဲ့ စိတ်ဓာတ်ကိုတော့ မေ့နိုင်မှာ မဟုတ်ပါဘူး၊ အမြဲသတိရနေမှာပါ။

❑

mgyoe.com

mgyoe.com

# မိမိ နှင့် သော်တာဆွေ

နတ်နွယ်

(၁)

အမှန်အတိုင်းဝန်ခံရလျှင် ဆရာသော်တာဆွေနှင့် ခရီးတစ်ခုတည်း အတူသွားဖူးချင်သည်။ သွားရမှာလည်း ကြောက်နေသည်။

အကြောင်းမှာ သူ့အကြောင်းကို သူရေးသည့် စာတွေထဲမှာလည်း ဖတ်ဖူးသည်။ ဟိုလူ သည်လူတွေ ပြောကြတာတွေကိုလည်း ကြားဖူးသည်။ သူ့စာထဲမှာ ဘာတစ်ခုမှ မထိမ်ဝှက်။ သူက ကြက်လည်း တိုက်တတ်သည်။ ဟိုလိုသည်လို မိန်းမတွေနှင့်လည်း ပတ်သက်ဖူးသည်။ အရက်လည်း သောက်တတ်သည်။

ထပ်ပြီးပြောရလျှင် သူက အရက်သောက်လျှင် မူးတတ်သည်။ အရက်ကို မူးအောင် သောက်တတ်သည်။ အရက်မူးလျှင် ပြဿနာတွေ ဖြစ်တတ်သည်။ ခိုက်ရန် ဖြစ်ပွားတတ်သည်။ ပြီးတော့ သူက ပေါင်းတည်သားဟု ဆိုထားသည်မဟုတ်လား။

mgyoe.com

mgyoe.com


မိမိက အရက်သောက်တတ်သော်လည်း အရက်မူးသမားကိုတော့ အင်မတန်ကြောက်သည်။ မည်သည့်အချိန်မှာပဲဖြစ်ဖြစ် အရက်မူးနေသူနှင့် တွေ့လျှင် ဝေးဝေးက ရှောင်သည်။ တတ်နိုင်သမျှ မပတ်သက်အောင်နေသည်။ မိမိနှင့်အတူ သောက်သူများ မူးပြီး ဂျီကျလျှင် အင်မတန်စိတ်ညစ်သည်။ စကားများ ရန်ဖြစ်ကြလျှင် ပိုပြီး စိတ်ညစ်သည်။ ဝိုင်းနှင့်သောက်ရမည်ကို ကြောက်သွားသည်။ သို့သော် မိမိက တစ်ယောက်တည်းလည်း မသောက်တတ်။ အဖော်အပေါင်း အသိမိတ်ဆွေများနှင့် ဟိုအမြည်း သည်အမြည်းစားရင်း၊ စကားစမြည်ကလေး ပြောရင်းသာ မမူးအောင် သောက်ချင်သည်။

အမှန်တော့ မိမိ အရက်သောက်ဖြစ်နေခြင်းမှာလည်း ကိုမိုးဝေနှင့် အတူလိုက်ပါပြီး အမြည်းစားရာမှ စသည်။ အရက်သမားများ၏ ထုံးစံအတိုင်းပင် ကိုမိုးဝေက "နည်းနည်းတော့ သောက်ဗျာ၊ နည်းနည်းကလေးပါ။ မမူးပါဘူး၊ စားလို့သောက်လို့ ကောင်းတာပေါ့" ဟု ဓာတ်သွင်းသည်။

ယင်းသို့ဖြင့် မော့ဝီစကီ ပက်ဝက်ကို ဆိုဒါ ဖန်ခွက်အပြည့်ရောပြီး သောက်ရာမှ ဓာတ်လမ်း စတင်ခဲ့သည်။ သို့သော် မိမိသည် သူများတွေ အရက်မူးသည်ကို ကြောက်သည့် ထုံးစံအတိုင်း သူတို့တွေ မူးကြသည် အထိ ဝိုင်းမှာ ကြာကြာမနေ။ မိမိလည်း ဗိုက်ထဲမှာ အတော်ကလေး တင်းသွားပြီ၊ ဝိုင်းထဲမှာလည်း အတော်ကလေး စီညံလာပြီဆိုလျှင် မိမိ လစ်တော့သည်။

၁၉၆၀ တစ်ဝိုက်က ကိုမိုးဝေနှင့် ပတ်သက်သော ဝိုင်းများတွင် ဆရာတင့်တယ်၊ ဆရာသော်တာဆွေ၊ ဆရာမင်းရှင်၊ ဆရာသန်းဆွေ၊ ဆရာနန္ဒမိတ်တို့နှင့် ကြုံရဆုံရပါသည်။ သို့သော် လူများပြီး ဝိုင်းကြီးလာလျှင် မိမိ ပြန်စမြဲ ဖြစ်သည်။ သူတို့ ဘယ်အချိန်မှ ပြန်ကြသည်ကို

mgyoe.com

mgyoe.com


မိမိ မသိတော့။ သူတို့ ဘာဖြစ်ကြသည်ကို မိမိ မသိတော့။ နောက်တစ်နေ့ နံနက်ကျမှသာလျှင် သတင်းစကားများ ပြန့်ပြီး ကြားရသည်။ သည်တော့မှ ပြုံးရသည်၊ ရယ်ရသည်၊ ရင်တမမ ရှိရသည်။

ယင်းကြောင့်ပင် မိမိသည် သူနှင့် လူချင်း သိကျွမ်းရုံမျှသာရှိပြီး ရင်းနှီးခြင်း မရှိခဲ့ပါ။

*

(၂)

သို့သော် သူ့စာများကိုကား မိမိ ကောင်းစွာရင်းနှီးပါသည်။ **ရှုမဝ**အစုတွင် မိမိ အကြိုက်ဆုံး စာရေးဆရာနှစ်ဦးမှာ ဆရာတင့်တယ်နှင့် ဆရာသော်တာဆွေပင် ဖြစ်သည်။ သူတို့၏ စာတွေကို အားလုံးလောက်ပင် ဖတ်ဖူးသည်။ ယနေ့အထိလည်း **ရှုမဝ**ကို တွေ့လျှင် ဆရာသော်တာဆွေ၏ 'ကျွန်တော့်ဘဝဇာတ်ကြောင်း' ကို အရင်ဆုံးဖတ်မိသည်။

သူ့စာတွေထဲတွင် မိမိနှင့် သဘောချင်း မတိုက်ဆိုင်သည်များ၊ မိမိ မကြိုက်သည်များ ပါရှိသည်။ သို့သော် ဆရာ့စာများကို မဖတ်ဘဲက လည်း မနေနိုင်ပါ။

မြန်မာနိုင်ငံတွင် ယခုအခါ စာရေးဆရာ ဆိုသူတွေ တော်တော်များသည်။ အချို့လည်း အတော်ကလေးပင် နာမည်ကြီးနေကြသည်။ ကလောင်ဟောင်းတွေလည်း ပါသည်။ ကလောင်သစ်တွေလည်း ပါသည်။ သို့သော် မြန်မာစာတတ်သူများကား တော်တော်ကလေးပင် နည်းပါးသည်။

သူက မြန်မာစာတတ်သည်။ မြန်မာစာ အရေးအသား ကျွမ်းကျင်နိုင်နင်းသည်။ ပြီးတော့ စာရေးတတ်သည်။ သူ ပြောချင်တာကို ပရိသတ် နားလည်အောင်၊ စိတ်ဝင်စားအောင် ပြောတတ်သည်။

mgyoe.com

mgyoe.com


သည်လိုပုဂ္ဂိုလ်မျိုးတစ်ယောက်ကို ခင်မင်ရင်းနှီးနိုင်ဖို့ အခွင့်အလမ်းရှိပါလျှင်၊ ခင်မင်ရင်းနှီးခြင်း မရှိဟု ဆိုလျှင် မိမိအနေနှင့် အခွင့်အရေးတစ်ခု ဆုံးရှုံးခြင်းပင် ဖြစ်ပေလိမ့်မည်။

သို့ဖြင့် မိမိသည် သူနှင့်အတူ ခရီးသွားရန် ဆုံးဖြတ်မိခြင်း ဖြစ်သည်။ ရွှေတောင်၊ ပန်းတောင်း၊ တောင်ကုတ် စာပေဟောပြောပွဲခရီးကို လိုက်ပါရန် ကတိပေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ရင်ထဲမှာတော့ လေးနေသည်။

*

(၃)

အလုပ်တွေကလည်း ဘယ်တော့မှ အားသည်မရှိပါ။ မဂ္ဂဇင်းအလုပ်မရှိသောအခါ စာရေးသည့်အလုပ်က ပိုပြီး များလာသည်။ ရေးချင်သည်များနှင့် ရေးစရာများကို အကွက်လည်အောင် မရေးနိုင်ဘဲ ရှိနေသည်။

ပြီးတော့ ခရီးကလည်း ပန်းနေပြီ ဖြစ်သည်။ မောင်နေဝင်း၊ မင်းကျော်တို့နှင့် ကြံခင်း ဟောပြောပွဲ သွားသည်။ လေးပွဲ ဟောရသည်။ ကြံခင်းမှအပြန်တွင် ဘာသာပြန်လက်စ လုံးချင်းတစ်ပုဒ်ကို ပန်းတောင်းခရီး မတိုင်မီတွင် အပြီးသတ်မည် စိတ်ကူးသည်။ သို့သော် ချစ်စံဝင်း၊ မင်းကျော်တို့နှင့်အတူ တောင်သာသို့ လိုက်ပါသွားရပြန်သည်။ သည်မှာလည်း လေးပွဲ ဟောရသည်။ ခရီးကလည်း နည်းနည်းလေး ကြမ်းသည်။

ပို၍ဆိုးသည်ကတော့ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်က ထွက်သွားသည်။ ရန်ကုန်သို့ ၁၂ ရက်နေ့ည ၁၀ နာရီတွင်မှ ပြန်ရောက်သည်။ နောက်တစ်နေ့နံနက် ၁၁ နာရီတွင် ပန်းတောင်းခရီးကို ပြန်ထွက်ရသည်။ နောက်ပြီးတော့ သည်ခရီးက အရှည်ကြီး ဖြစ်သည်။ နှစ်ပတ်

mgyoe.com

mgyoe.com


လောက်ကြာမည်။

တိတိကျကျ ပြန်တွက်လိုက်တော့ ၁၃ ရက်တိတိ ကြာသည်။ ၁၃ ရက်နေ့မှာ ခရီး စထွက်ရသည်။ ၁၃ နှစ်ထပ်ကွမ်း ဖြစ်သည်။

သည်တော့လည်း အစွဲအလမ်း ရှိသူများဘက်က ကြည့်လျှင် ပြဿနာဖြစ်ရသည်မှာ မဆန်းပါ။

သို့သော် မိမိနှင့် သော်တာဆွေအဖို့မူ သည်ခရီးသည် အမှတ်တရ ပင် ဖြစ်တော့သည်။ တစ်သက်တွင် ဘယ်တော့မှ မေ့နိုင်ကြမည် မဟုတ် ပါ။

မိမိတို့နှစ်ယောက်သည် ထန်းပင်ပေါ်တွင်လည်း အတူတက်ပြီး ထန်းရည်သောက်ခဲ့ကြသည်။ ကားမှောက်ပြီး သေမလိုလည်း ဖြစ်ခဲ့ကြရ သည်။

*

(၄)

စကတည်းကပင် တလွဲတချော်ကလေး ဖြစ်သည်။ ပထမက ဤခရီးကို မိမိ၊ သော်တာဆွေ၊ နေသွေးနီဟု နားလည်ခဲ့သည်။ ယင်း ကြောင့်ပင် မိမိနှင့် နေသွေးနီ ဟူ သော ဆောင်းပါးကိုပင် ကြိုပြီးရေးခဲ့ သည်။ သို့သော် တောင်သာမှ ပြန်ရောက်မှ အကြောင်း ကိစ္စတစ်ခုခုကြောင့် နေသွေးနီ မလိုက်နိုင် ဆိုသည်ကို မိမိ သိရသည်။ သူ့အစား အီကြာ ကွေးဟု ဆိုသည်။

ကောင်းသည်။ အီကြာကွေးနှင့် မိမိ ခရီးတစ်ခါ သွားဖူးသည်။ ကြာပြီ။ ၁၉၇၂ ခုနှစ်က ရှမ်းပြည်မြောက်ပိုင်းသို့ ဖြစ်သည်။ ယခု ၁၃ နှစ်ကြာမှ ဒုတိယအကြိမ် ပြန်လည်တွဲမိခြင်း ဖြစ်သည်။

သို့သော် တကယ့်တကယ်ကျတော့ အီကြာကွေးပင် ကျန်ရစ်တော့

mgyoe.com

mgyoe.com


မလိုဖြစ်သည်။ မိမိတို့ကို လာကြိုသည့်ကားက မကောင်းပါ။ ကားသမား ကလည်း အမောင်းမကျွမ်းကျင်ပါ။ သို့ဖြင့် ရန်ကုန်ဘူတာကြီးသို့ မိမိနှင့် သော်တာဆွေ ရောက်ရှိသွားသောအခါ ၁၂ နာရီ ၃၀ ရှိနေပြီ။ ရထားက ၁ နာရီ ထွက်မည်။ ဤအချိန်ကျမှ အီကြာကွေးကို တောင်ဥက္ကလာကို သွားခေါ်လျှင် မီစရာမရှိတော့ပါ။ သို့ဖြင့် လာကြိုသူက မိမိတို့ နှစ် ယောက်ကို ရထားပေါ်တင်လွှတ်လိုက်ပြီး သူနှင့် အီကြာကွေး ဘတ်စ် ကားဖြင့် ပြည်ကိုလိုက်ခဲ့ပါမည်ဟု ဆိုသည်။ သို့သော် သုံးဆယ်ဘူတာ သို့ ရောက်ရှိသောအခါ မိမိတို့ကို စောင့်ကြိုနေသော အီကြာကွေးကို တွေ့ရသည်။ သူက လက်ပံတန်းကားဖြင့် ရထားကို အမီ လိုက်လာခြင်း ဖြစ်သည်။ သည်တော့မှ ရထားပေါ်မှာ လူစုံတက်စုံ ဖြစ်သွားသည်။ တစ်ခု စိတ်အေးသွားရသည်။ သည်တော့မှ သူ့ကို မိမိ အင်မတန် မေးလိုသော မေးခွန်းတစ်ခုကို မရဲတရဲဖြင့် မေးရသည်။

"ကိုဆွေ အခု ဖြတ်ထားသလား"

"ခရီးသွားရင်တော့ သောက်ပါတယ်"

ဟိုက်...။

"ခင်ဗျားနဲ့လည်း အဖော်ရှိလို့ပါ"

ကောင်းပါပေ့။

မိမိတို့နှစ်ယောက် သောက်ကြသည်။ ခရီးတစ်လျှောက်လုံး သောက်ကြသည်။ နားနေသည့် အချိန်တွင်လည်း သောက်သည်။ ခရီး သွားရင်းလည်း သောက်သည်။ ဒေသခံများနှင့်လည်း အတူသောက် သည်။ နှစ်ယောက်တည်းလည်း သောက်ကြသည်။ အလယ်အလတ် ဖြစ်သော ရမ်၊ ဘရန်ဒီနှင့် ဘီယာတို့ကိုလည်း သောက်သည်။ အထူး တလည် တိုက်သော တန်ဖိုးကြီးမားသည့် နိုင်ငံခြားဝီစကီကိုလည်း သောက်ရသည်။ အနီ မရသည့်အခါတွင် အဖြူဟုခေါ်သော ဘီအီးဒီစီ

mgyoe.com

mgyoe.com


ကိုလည်း သောက်ကြသည်။ ပြီးတော့ မိမိတို့ ရိုးရာဖြစ်သော ထန်းရည်နှင့် ဓနိရည်ကိုလည်း သောက်ကြသည်။ ထန်းရည်ကို ဘယ်လို သောက်သနည်းဆိုလျှင် ထန်းပင်ပေါ်တက်ပြီး သောက်ကြသည်။

သည်လို။

မင်းတုန်းနယ်မှာ ဓလေ့တစ်ခု ရှိသည်။ ထန်းပင်ပေါ်တွင် ဝါးစင်တစ်ခု ထိုးထားသည်။ လူလေးယောက်တက်ပြီး သောက်နိုင်သည်။ တစ်ယောက်ယောက် မူးပြီး ပြန်မဆင်းနိုင်လျှင် ကြိုးနှင့် တုပ်ထားခဲ့သည်။ ထိုလူ အမူးပြေမှ ကြိုးကိုဖြေပြီး ပြန်ဆင်းရသည်။

စက်ရုံမှူးတစ်ဦးသည် ယင်းအဖြစ်ကို သဘောကျပြီး သူ၏ စက်ရုံဝင်းထဲရှိ ထန်းပင်တစ်ပင်တွင် သံစင်တစ်ခု ထိုးထားသည်။ သံလှေကားဖြင့် တက်ရသည်။ သို့သော် မူးနေလျှင် ပြန်ဆင်းနိုင်ရန် သံမဏိကြိုးရထား လုပ်ထားသည်။ ကြိုးရထားဖြင့် ပြန်ဆင်းရသည်။ မိမိနှင့် သော်တာဆွေလည်း ထိုစက်ရုံမှူးနှင့် အတူ ထန်းပင်ပေါ်သို့ တက်ပြီး လေ့လာသည်။ ထန်းရည်ဖွင့်ပွဲ လုပ်သည်။ ပြီးတော့ ကေဘယ် ကြိုးရထားဖြင့် ပြန်ဆင်းကြသည်။ မူး၍တော့ မဟုတ်ပါ။ အတွေ့အကြုံ ရှိအောင် ဖြစ်ပါသည်။

သည်ခရီးမှာ မိမိတို့ မမူးကြပါ။ ဆရာသော်တာဆွေ မမူးပါ။ သည်တော့မှ သူက ပြောသည်။

"ကျုပ်က အရက်ကို မူးအောင်လည်း သောက်တတ်တယ်၊ မမူးအောင်လည်း သောက်တတ်တယ်"

သည်ခရီးမှာ သူ မူးအောင်လည်း မသောက်ပါ။ ဟောပြောပွဲ တာဝန်များ ရှိသော ကြောင့် ဖြစ်သည်။ မိမိတို့သည် နေ့ပွဲ ညပွဲ တစ်နေ့ နှစ်ပွဲ ပြောရသည်။ ၁၃ ရက် ခရီးတွင် ဟောပြောပွဲ ၁၁ ပွဲနှင့် ဆွေးနွေးပွဲ ၂ ပွဲ ပြုလုပ်ရသည်။ အားလုံးပင် အောင်မြင်ပါသည်။ အစီအစဉ်

mgyoe.com

mgyoe.com


ကောင်းမွန်သည်။ ပရိသတ် ကောင်းမွန်သည်။ မိမိတို့ ဟောပြောသည် များကိုလည်း ကျေနပ်ကြဟန် ရှိသည်။ အိကြာကွေးက ရယ်စရာ ပြော သည်။ ရယ်ရသည်။ သော်တာဆွေက နိုင်ငံခြားအတွေ့အကြုံ ပြော သည်။ မှတ်သားစရာ ဖြစ်သည်။ ပြုံးရသည်။ ရယ်ရသည်။ သူက တစ်နာရီလောက် ပြောသည်။ ပရိသတ်များ စိတ်ဝင်စားစွာ နားထောင်ကြ သည်။

သည်တော့ မိမိတို့၏ ခရီးစဉ် အောင်မြင်သည်ဟု ဆိုရမည်။ ပျော်ပျော်ရွှင်ရွှင်နှင့် ပြန်ကြရုံသာ ဖြစ်သည်။ သို့သော် အပြန်ခရီးတွင်မှ ပြဿနာဖြစ်ရသည်။ တောင်ကုတ်မှ သံတွဲသို့ ကားနှင့်အသွားတွင် ကား မှောက်သည်။ ကံကောင်း၍ မသေကြရခြင်း ဖြစ်သည်။ မိမိတို့ကို လိုက်ပို့ သူတစ်ဦးသာ လက်ဆစ်လွဲသွားသည်။

ကားမှောက်သည်မှာ အရက်နှင့် မဆိုင်ပါ။ မိမိတို့နှင့် မဆိုင်ပါ။ ကားအရှိန်များပြီး တောင်စောင်းကို ဝင်တိုက်သည်။ တစ်ပတ်လိမ့်သွား သည်။ မှောက်ခုံကြီး ဖြစ်သွားသည်။ မိမိတို့ကားထဲမှ လေးဖက်ထောက် ပြီး ထွက်ရသည်။ လမ်းလုပ်သားများနှင့် ကျောင်းကုန်းကျေးရွာမှ ပုဂ္ဂိုလ် များက မိမိတို့ကို စောင့်ရှောက်ကြသည်။ တိုက်နယ်ဆေးရုံ ရှိသော ရွှေလှေသို့ လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် ပို့ပေးကြသည်။ ဆရာဝန်က မိမိတို့ကို ကုသပေးသည်။ ထမင်းကျွေးသည်။ (အရက်လည်း ပါပါ သည်။) တောင်ကုတ်မှ ကယ်ဆယ်ရေး ကားနှစ်စီး လိုက်လာကြပြီး မိမိတို့ကို လိုသေးလေးမရှိ ပြုစုစောင့်ရှောက်ကြသည်။ မိမိမှာ အနည်းငယ် ပွန်းပဲ့သွားသော်လည်း သော်တာဆွေနှင့် အိကြာကွေး ဘာမှမဖြစ်ပါ။ သို့သော် ဆရာသော်တာဆွေ မလှုပ်နိုင်ပါ။ ထမင်းလည်း မစားနိုင်ပါ။ အရက်လည်း မသောက်နိုင်ပါ။ သူက ခရီးလည်း ပန်းနေပြီ ဖြစ်သည်။ အသက်ကလည်း ထောက်နေပြီ ဖြစ်သည်။ ၆၇ နှစ်။ ဤအရွယ်နှင့်

mgyoe.com

mgyoe.com


ဤခရီးဒဏ်ကို ခံနိုင်သည်မှာ အံ့သြစရာပင် ဖြစ်သည်။

*

(၅)

ကောင်းပြီ။ ဤ ၁၃ ရက်ခရီးတွင် ဆရာသော်တာဆွေနှင့် အတူအိပ်၊ အတူစား၊ အတူသောက် ခရီးသွားလာရသောအခါ ဆရာ့ကို မိမိမည်သို့ တွေ့မြင်ရသနည်း။

သူက မိမိနှင့် အိကြာကွေးတို့ကို ညီနှစ်ယောက်လို၊ တူနှစ်ယောက်လို စာနာသည်။ စောင့်ရှောက်သည်။ စာအကြောင်း၊ စာပေလောကအကြောင်း မိမိတို့နှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးသည်။

သူက စိတ်မြန်သည်။ ပွင့်လင်းသည်။ သူ့ရင်ထဲမှာ ရှိသည်ကို ဖုံးကွယ်ထားတတ်ခြင်း မရှိ။ ဟန်ဆောင်တတ်ခြင်း မရှိ။ ပရိယာယ်မာယာ မရှိ။

အချုပ်ကို ဆိုရလျှင် သူ့စာများသည် သူ့အတိုင်းပင် ဖြစ်သည်။ သူသည် သူ့စာများအတိုင်းပင် ဖြစ်တော့သည်။

ချယ်ရီ၊ မတ်၊ ၁၉၈၆

❑

mgyoe.com

mgyoe.com

# ဆရာ့လမ်းညွှန်မှုများ၌

အောင်ပြည့်

"ဒီကောင် သူ့ကိုယ်သူ အယ်ဒီတာလို့ ပြောနေတာ အလကားဗျ။ အမှန်က ဒီကောင် အယ်ဒီတာမဟုတ်ဘူး ကိုဖေသိန်းရဲ့"

"နို့ ဘာတုံး"

"အယ်ဒီတောင်းဗျ"

"ဟင် ဘာဖြစ်လို့လဲ"

"ဘယ်စာရေးဆရာဆီက ဘယ်လိုစာမူရအောင် ချူရမယ်ဆိုတာ တွက်ပြီး မရရအောင် တောင်းတဲ့ကောင်၊ မရေးရင် ရေးအောင်ပြော၊ မရရအောင် ချွဲ၊ မရမချင်း အခေါက်ခေါက်လာ၊ အဲဒီလိုတောင်းတဲ့ ကောင်"

"ဒါလည်း သူ့အရည်အချင်းတစ်ခုပဲ ကိုသော်တာရဲ့"

"အေးလေ၊ ဒါကြောင့်လည်း သူ့ကို အယ်ဒီတာလို့ မခေါ်ဘဲ အယ်ဒီတောင်းလို့ပဲ ခေါ်တော့တယ်"

mgyoe.com

mgyoe.com


စာရေးဆရာကြီး ဦးသော်တာဆွေသည် ကာတွန်းဆရာကြီး ဦးဖေသိန်းနှင့် အိမ်နီးနားချင်းအဖြစ်ဖြင့် လှည်းတန်းရွာတန်းရှည်မှာနေစဉ် ကျွန်တော် အခါခါရောက်ချိန်များက တစ်ကြိမ်မှာ ဆရာဦးသော်တာဆွေက အထက်ပါအတိုင်း မှတ်ချက်ချသည်။

ကျွန်တော်ကလည်း လွယ်အိတ်တစ်လုံးလွယ်ကာ နေရာများစွာတွင် နေကြကုန်သော ဆရာကြီး၊ ဆရာလေးများစွာထံ စာမူလည်၍တောင်းခဲ့သည်လည်း အမှန်ပင်ဖြစ်သည်။ ဒါကြောင့်ပင် ဆရာဦးသော်တာဆွေပြောတော့ ပြုံးပြုံးကြီးသာ ငြိမ်ကုပ်ခံနေလိုက်ရသည်။ ပြီးတော့ လိုချင်သော စာမူလည်း ရခဲ့သည်သာပင်။

*

နောက်တော့ ဆရာ ဦးသော်တာဆွေသည် အင်းစိန်သို့ ပြောင်းလာသည်။ ထိုစဉ်က ကျွန်တော်သည်လည်း အင်းစိန်မှာ ဝင်နေသေးသည်။

ဆရာသည် မနက်တိုင်း ဈေးသွားသည်။ နေ့စဉ် နေ့ဖို့ညစာဟင်းချက်စရာ ဝယ်သလို ညနေ အရက်နှင့်မြည်းရန်လည်း တစ်ခါတည်းဝယ်သည်။ ကြက်သား၊ ဝက်သား၊ ဘဲသား စသော သမားရိုးကျအသားများထက် ကိုးရိုးကားရား၊ ပေါက်တတ်ကရ၊ ကတ်သီးကတ်သတ် အသားမျိုးကို ဝယ်တတ်သည်။ ထိုအချိန်မှာ သူ့တပည့်ကျော် ကိုပိုက်သည် ဆရာနှင့် အိမ်နားနီးချင်း ဖြစ်၍နေပါသည်။ ဆရာ့ကိုပြုစုဖို့ရာ သောက်ဖော်အဖြစ်ပါ ဆရာ့အတွက် အားကိုးရာရနေသည်။ ပြီးတော့ ကိုပိုက်ကလည်း ဆရာ့လိုပဲ သောက်ရုံမျှမက ဘာသားညာသား ကိုးရိုးကားရားအသားများကို မရရအောင် ရှာတတ်သည်။ ချက်နည်း အဆန်းတကြွယ်ဖြင့် ဖွယ်ဖွယ်ရာရာ ချက်တတ်သည်။ ကျွေးတတ်သလို စားတတ်သည်။ အရသာရှိလှပါကြောင်း၊ ကောင်းလှကြောင်း၊ စား၍ မြိန်

mgyoe.com

mgyoe.com


ကြောင်း၊ ဟင်းချက်တော်ကြောင်း၊ သောက်ရင်း မြည်းရသည်မှာလည်း အလွန်လိုက်ဖက်ကြောင်းပြောကာ အခါခါလာ၍ စားကြသောက်ကြသူတွေ များလှသည်။ ကျွန်တော်လည်း ထိုအထဲတွင် စာရင်းဝင်လေသည်။

"အရက်ကို များများနဲ့ ကြာကြာသောက်ချင်ရင် အစားကို ကောင်းကောင်းနဲ့ အာဟာရဖြစ်တာ စားရတယ်။ ဟိုအစားက ဘာဖြစ်လို့၊ ဒီအသားက မတည့်လို့၊ ခြေများလို့ ခြေနည်းလို့ဆိုပြီး ဈာန်ရွေးမနေနဲ့။ ပြီးတော့ များများစား။ ဖြစ်နိုင်ရင် အသားချည်းသက်သက် များများစား"

"ကျွန်တော်တို့က အရက်သောက်တာပဲ။ အစာစားဖို့မှ မဟုတ်ဘဲဆိုပြီး အမြည်းစားဖို့ တို့ကနန်း ဆိတ်ကနန်းလုပ်နေရင် ဆရာက သူချက်ထားသော ဟင်း ဘယ်လောက်တောင် အဆင်ပြေမှုရှိတယ်ဆိုတာ ပြောတော့သည်။ သူ့ဟင်းသည် ဘယ်လိုအရသာရှိကြောင်း၊ ဘယ်လောက် အာဟာရဖြစ်ကြောင်းများ ပြောလျှင် ကျွန်တော်ဖြင့် လျှာပေါ်ကိုပင် မတင်ရဲတော့။ စားဖို့ဆိုတာတော့ ဝေလာဝေးရောပေါ့။

"တန်ဖိုးရှိတာကို အဖိုးတန်မှန်း မသိတဲ့ကောင်ပဲ။ အကောင်းမစားတတ်တဲ့ကောင်ပဲ" ဟူ၍ ဆရာက အပြစ်တင်သည်။ ထိုအပြစ်တင်တာကို နာခံရင်း မစားရဲ၊ မတို့ရဲသော ကျွန်တော်တို့ ငတ်ခဲ့ကြရသည်မှာ အကြိမ်ကြိမ် အခါခါပင်။

*

ကျွန်တော် အင်းစိန်တွင်နေစဉ် တစ်ချိန်သောအခါက အရက်ကို ရက်မပျက်၊ သုံးနှစ်လောက် ဆက်သောက်ခဲ့ဖူးသည်။ ထမင်းမစားဖြစ်သော ရက်သာရှိမည်။ အရက်မသောက်သော ရက်ဟူ၍ မရှိသောအချိန်များက ဖြစ်ပါသည်။ ထိုသုံးလေးနှစ်စလုံးတွင် ကျွန်တော်သည် အရက်ကို စဉ်ဆက်မပြတ် သောက်ဖြစ်ခဲ့သည်။ တက္ကသိုလ်ကျောင်းမှာ လူစုံနှင့်

mgyoe.com

mgyoe.com


ပေါင်းသင်းလာရသောအခါ အရက်သောက်ခြင်းကိစ္စသည် သမားရိုးကျ ဖြစ်လာသည်။ ထိုသုံးနှစ် စဉ်ဆက်မပြတ် သောက်နေသည်တွင် ပထမ နှစ်၌ ညနေတိုင်း သောက်သော်လည်း ဒုတိယနှစ်၌ နေ့ခင်းပိုင်းအချိန် များပါ သောက်ဖြစ်လာ၏။ တတိယနှစ်၌မူ တစ်နေကုန် စွတ်ကယ် စွတ်ကယ် သောက်နေသည်မှာ တစ်ရေးနိုးချိန်ပါမလွတ်၊ မိုးလင်းသည် နှင့် အရက်ခွက်ကို အရင်ကိုင်ဖြစ်တော့သည်။ အရက်နှင့် မျက်နှာသစ် သည်ဟူသော ကာလများ ဖြစ်ပါတော့သည်။ ဆရာ အမြဲပြော၊ အမြဲ ရေး၍၊ ပညာပေးလေ့ရှိသော စကားများကို အဖန်ဖန် အထပ်ထပ် ကြား နေ သိနေလျက် ကျွန်တော် မဆင်ခြင်နိုင်ခြင်းဖြစ်၏။ ဆရာ့ပြောလိုရင်း အကျဉ်းကား အရက်သောက်သုံးသူတွေဟာ

"ပထမအရက်ကို သောက်တယ်၊ တစ်နည်းအားဖြင့် ပြောရရင် လူက အရက်ကိုသောက်တယ်"

ဒုတိယအရက်က အရက်ကိုသောက်တယ်။ (လူ၌ သွေးလည်ပတ် ရာတွင် အရက်ပြတ်သောအခါ၌ လူက မအီမလည်ဖြစ်၊ ရင်တုန် ပန်းတုန် ဖြစ်၊ အသက်ရှူကျပ်၊ မော၊ အတွင်းကျန်အရက်က မစို့မပို့ကာလ။ သွေးလည်ပတ်မှုမှန်ရေးအတွက် အဖော်အရက်ကိုတောင်း၊ ထိုအချိန်မျိုး အရက်သောက်လိုက်လျှင် ရှိသမျှဝေဒနာတွေပြေကာ ပျောက်၏။)

တတိယအရက်က လူကိုသောက်ပါရော။ ဤအချိန်တွင် အရက် သောက်သုံးသူတို့ အရက်မသောက်ရလျှင် မနေနိုင်တော့သော အခြေ အနေဖြစ်၏။ ခန္ဓာကိုယ်ထဲမှာ အရက်မရှိလျှင် စကားပြောတာကအစ လုပ်သမျှ ကိုင်သမျှ အလွဲလွဲ အမှားမှားချည်း ဖြစ်တော့သည်။ အသက် ရှူတာသည်ပင်လျှင် ပုံမှန်ရှူနေခြင်းမျိုး မဟုတ်တော့။ ခြေမခိုင်၊ ယိုင်ရွဲ့၊ လက်မငြိမ်၊ လှုပ်ခါပြီး တစ်စုံတစ်ယောက်က ကြိုးအထပ်ထပ်ရစ်ပတ် ပြီး ညှစ်သတ်ထားသလို ဖြစ်နေ၏။ အသက်ရှူမဝတော့၊ ကျပ်မော

mgyoe.com

mgyoe.com


မောနေ၏။

ထိုမှ နောက်တွင်တော့ မသောက်၍ မဖြစ်တော့သောကြောင့် သောက်ရာက တစ်စတစ်စ အချိန်ကြာလာသောအခါ အစာမဝင်၊ အသက်ရှူမဝတော့ဘဲ သေရပါရောဟူ၏။

*

ဒီကောင်တွေလုပ်တာနဲ့ အရက်သမားသိက္ခာကျတယ်။ အရက်ပဲဗျာ။ ကြိုက်လို့သောက်တယ်၊ သောက်ချင်လို့သောက်တယ်၊ စားကောင်းသောက်ကောင်း သောက်တယ်၊ ကျန်းမာရေးအတွက် သောက်တယ်။ ဘာဖြစ်လဲ သောက်ပေါ့၊ ကိုယ့်စည်းလေးနဲ့ ကိုယ်ပေါ့။

ဒီကောင်တွေက စည်းကမ်းမရှိဘူး၊ သောက်ရင် လူလိုမသောက်ဘူး။ ခွေးသောက် နွားသောက် သောက်တယ်။ ပြီးရင် ဆေးရုံတက်ဖြတ်ပြန်ရော။ အလကား လူကြားမကောင်းအောင်ဗျာ။ ဖြတ်တာလည်း တစ်ခါမဟုတ်ဘူး။ ခဏခဏဖြတ်နေကြတာ။ ဒီတော့ တက်ရတဲ့ဆေးရုံကလည်း ခဏခဏ ပြီး ပြီးတယ်မရှိဘူးတဲ့။

ဒီကောင်တွေဟု ဆရာ အမြဲပြောလေ့၊ ရေးလေ့ရှိသူများမှာ သူ့တူသားတပည့်များဖြစ်သော ကျွန်တော်၊ မောင်ဝဏ္ဏနှင့် သုမောင်တို့ကို ပြောခြင်းဖြစ်၏။ ကျွန်တော်တို့ကလည်း ပြောစရာဖြစ်လောက်အောင်ပင် သောက်ချင်သလို သောက်ကြသူများဖြစ်၏။ ဆရာမနိုင်သော အကောင်များ ဖြစ်ခဲ့၏။

*

ကျွန်တော်တို့သည် ဆရာကြီး ဦးသော်တာဆွေ၏စာများကို စာရေးဆရာတို့အား စွဲလမ်းတတ်စအရွယ်ကပင် စတင်စွဲလမ်းခဲ့၏။

mgyoe.com

mgyoe.com


စာရေးဖို့ ကြိုးစားချိန်ကျတော့လည်း ဆရာ့စာများ၊ ဆရာ့စကားပြေများကို လေးစားအားကိုး ဖတ်ခဲ့ရ၏။ ကိုယ်တိုင် မဂ္ဂဇင်းအလုပ်လုပ်တော့လည်း လေးစားသော ဆရာ၏စာမူကို မရရအောင် တောင်းဖြစ်၏။

ဆရာမရှိတော့မှပင် ဆရာ့စာတွေသည် အရသာပို၍ထူးကဲနေသကဲ့သို့ ခံစားနေမိ၏။ လက်တစ်ကမ်း၌ ရှာမတွေ့တော့သော စာအုပ်ဟောင်းများကို ပြန်ရှာဖတ်နေရ၏။

တန်ဖိုးရှိသော အဖိုးတန်ပစ္စည်းများသည် နှစ်သက်ရှည်ကြာရှိနေမည်သာတည်း။

ကျေးဇူးရှင် ဆရာဦးသော်တာဆွေခင်ဗျား...

အစ်ကို ကောလိပ်ဂျင်နေဝင်းဟာ အရက်ဖြတ်ပြီး အရက်ပြတ်ပြီး အကြာကြီးကြာမှ ကွယ်လွန်ခဲ့တယ်လို့ ကျွန်တော်တို့သိရပါတယ်။

ဆရာဟာလည်း တစ်သက်လုံး အရက်သောက်၊ မရရအောင် ရှာဖွေသောက်၊ အရက်ပြတ်ရင်တောင် ချက်သောက်... နောက်ဆုံးအချိန်တွေကျတော့ ဆရာ အရက်ဖြတ်ခဲ့တယ်။ ဆရာမသေခင်ကလေး ကျွန်တော် ဆရာ့ဆီ ရောက်တော့ ဆရာ အရက်ပြတ်ပြီ။

အခုတော့ ဆရာလည်း အစ်ကို ကောလိပ်ဂျင်နေဝင်းလိုပဲ ကွယ်လွန်ရပါပြီ...

ဆရာခင်ဗျား –

ကျွန်တော် အခု အရက်ပြတ်နေပါပြီခင်ဗျား၊

ဒီတော့...

❑

mgyoe.com

mgyoe.com

# ရှေ့နေကောင်းနှင့် သက်သေကောင်း

အောင်သင်း

ကျွန်တော်သည် စာပေဝေဖန်ရေးသမား မဟုတ်ပါ။ စာပေပညာရှင်လည်း မဟုတ်ပါ။ ဝတ္ထုရေးဆရာလည်း မဟုတ်ပါ။ ဝတ္ထုဖတ်ခြင်း၌ ပျော်မွေ့သော သူတစ်ယောက်မျှသာ ဖြစ်ပါသည်။ ဝတ္ထုဖတ်သူတို့၏ ထင်မြင်ချက်၊ တုံ့ပြန်ချက်သည် ဝတ္ထုရေးသူများအဖို့ အလဟဿ မဖြစ်နိုင်ဟူသော ယုံကြည်ချက်ဖြင့် တင်ပြသော ဆောင်းပါးသာဖြစ်ကြောင်း ကြိုတင်ဝန်ခံလိုပါသည်။

## သိန်းဖေမြင့်

အခြားစာပေများကို အပထား၍ ဝတ္ထုတိုအရာတွင်ကား၊ မြန်မာ့စာပေသမိုင်းတွင် ကြီးစွာသော ကဏ္ဍကိုယူမည့် စာရေးဆရာဟု ဆိုသင့်ပါပေသည်။ သူကိုင်တွယ် ဖန်တီးလိုက်သမျှသော ဇာတ်လမ်း ဇာတ်ကောင်တို့သည် စာဖတ်သူတို့၏ စိတ်၌ ထင်းထင်းကြီး စွဲငြိကျန်ရစ်လေ့

mgyoe.com

mgyoe.com


ရှိပါသည်။

သိန်းဖေမြင့် ကွယ်လွန်လျှင်လည်း **ငွေစိန်တို့၊ ထွန်းခင်တို့၊ ခမည်းတော် မောင်ရွှေရ** တို့သည် အသက်ရှင်လျက် ကျန်နေရစ်ခဲ့ပါလိမ့်ဦးမည်။ ငွေစိန်၊ ထွန်းခင်၊ ခမည်းတော် မောင်ရွှေရ တို့ကလည်း သူတို့၏အမည်နှင့်အတူ သိန်းဖေမြင့် ဟူသောအမည်ကို ကျန်ရစ်ခဲ့အောင် စွမ်းဆောင်နိုင်ကြဦးမည်မှာ မုချဖြစ်ပါသည်။

အချုပ်ကိုဆိုရသော် သိန်းဖေမြင့်သည် ပါရမီချွန်သော စာရေးဆရာ ဖြစ်သည်ဟု ပြောလိုက်ချင်ပါသည်။

## သော်တာဆွေ

**ဘရန်ဒီတစ်ပုလင်း** ဝတ္ထုဖြင့် စာပေလောကသို့ ဝင်လာခဲ့သော သော်တာဆွေသည်လည်း ပါရမီရှင်တစ်ဦးပင် ဖြစ်ပါပေသည်။ သူ၏ ဇာတ်ကောင်များဖြစ်ကြသော **အေးဆွေ၊ ပေါ်အူး၊ ပတ္တမြား ဝင်းထိန်** တို့နှင့်အတူ **မိရွှေနီ** စသော ဘဝထိုထိုဇာတ်ကောင်များသည် မြန်မာ စာပေလောကတွင် တဖွဖွပြောနေရစ်ရမည့် ဇာတ်ကောင်များ ဖြစ်လာပါလေပြီ။

သိန်းဖေမြင့်နှင့် သော်တာဆွေတို့ ရေးသော ပစ္စည်းမဲ့တော်လှန်ရေး ဝတ္ထုတိုများကို ယှဉ်၍ဖတ်ကြည့်မိပါသည်။ ခံစားရသော ဝေဒနာကို ပြန်လည်သုံးသပ်မိပါသည်။

သိန်းဖေမြင့်၏ **'ရေနံ'၊ 'ငွေစိန်လေ့လေ့ဘ်ရင်း တက်ကျိုးခြင်း'၊ 'တတိယတန်းမှာ တစ်နေရာ'** စသော ဝတ္ထုများကိုဖတ်ပြီး ပထမပေါ်လာသော အတွေးမှာ သိန်းဖေမြင့်၏ ကျွမ်းကျင်မှုကို ချီးကျူးမိသော အတွေးပင် ဖြစ်ပါသည်။ နောက်မှ အရင်းရှင်စနစ်၏ ဆိုးဝါးပုံ၊ ပစ္စည်းမဲ့တို့၏ ဘဝနိမ့်ကျပုံကို ဆင်ခြင်မိပါသည်။ အထူးသဖြင့် သိန်းဖေမြင့်

mgyoe.com

mgyoe.com


၏စာရေးကောင်းပုံကို ချီးကျူးခြင်း၌ နစ်မျောနေလေ့ရှိပါသည်။

သော်တာဆွေ၏ **'ဘာသာနှင့် အရင်းရှင်စနစ်'၊ 'ကြွေးမြွေ'၊ 'ဖြေပါနိုင်'** စသော ဝတ္ထုများကို ဖတ်ပြီးသောအခါတွင်မူ သော်တာဆွေကိုလည်း သတိမရ၊ စာရေးမှုအတတ်ပညာကိုလည်း မတွေးမိ၊ အရင်းရှင်နှင့် ပစ္စည်းမဲ့ဘဝကိုသာ ထပ်ဖန်တလဲလဲ တွေး၍ နှလုံးပင်ပန်း ကျန်ခဲ့လေ့ရှိပါသည်။

'ဘာသာနှင့် အရင်းရှင်စနစ်' ဝတ္ထုတွင် ချစ်တီးတို့၏ ပရိယာယ်ကြောင့် မြန်မာ့လယ်ယာများ ဆုံးပါးရပုံ၊ တောသူတောင်သားတို့ ကြွေးတင် ကျွန်ဖြစ် နစ်မွန်းရပုံကို အကွက်စေ့အောင် ဖော်ပြထားပါသည်။ 'ဖြေပါနိုင်' ဝတ္ထုတွင်ကား ပြည်တွင်းစစ်ကြောင့် တောရွာမှ မြို့သို့ပြေးလာရသည့် လူတစ်ယောက်ကို တရုတ်ဟိုတယ်ပိုင်ရှင် စသော လူလိမ်လူညာတို့က လှည့်ပတ်စေခိုင်းပုံ၊ ကန်ထရိုက်က ညစ်ပတ်၍ လုပ်အားခိုးယူပုံတို့ကို စာနာထောက်ထားသော ကရုဏာနှင့် သရုပ်ဖော်ထားပါသည်။

စာဖတ်ပြီးနောက် သတိထားပြီး ဆင်ခြင်လိုက်သောအခါ သိန်းဖေမြင့်၏ ဝတ္ထုအဆိုထက်၊ သော်တာဆွေဝတ္ထုအဆိုကို ပို၍ အလွယ်တကူ လက်ခံနေမိကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့်နည်းဟု မိမိကိုယ်ကို စစ်ဆေးတွေ့ရှိချက်ကို တင်ပြလိုပါသည်။

သိန်းဖေမြင့် **'ကျွန်တော်လည်း စာရေးလေသမျှ ဒီလိုပဲ ဝါဒဖြန့်နေတာပဲ၊ ဝါဒမဖြန့်ဘဲ စာပေသက်သက် ကျွန်တော့် ဘယ်တော့မှမရေးဘူး'** ဟုလည်း ကြွေးကြော်ခဲ့ဖူးသည်။ **ဝါဒမရှိ၊ သဘောတရားမရှိဟု ကြေညာ၍ စာပေသည် စာပေသက်သက်ဖြစ်ရမည်။ ဝါဒမရှိရ၊ ဝါဒမဖြန့်ရဆိုသူသည် လိမ်လည်လှည့်ဖြားသူသာ ဖြစ်ပေသည်'** ဟုလည်း ဘက်မလိုက်ဝါဒ စာရေးဆရာများကို

mgyoe.com

mgyoe.com


တိုက်ခိုက်ထိုးနှက်ခဲ့ပါသည်။

ပစ္စည်းမဲ့တို့၏ဘဝကို ထောက်ထား စာနာသော စေတနာဖြင့် ရေးစေကာမူလည်း တော်လှန်ပြောင်းလဲမှုကို ညွှန်းပြသော လှုံ့ဆော်ချက်မပါလျှင် တန်ဖိုးမမြင့်လှသေးဟု ယူဆသည်။ ထို့ကြောင့် **"ပြည်သူ့သရုပ်ပြ စာပေပြုစုသူတို့သည် လောကကိုသရုပ်ဖော်ရုံဖြင့် မပြီးမူ၍ လောကကိုပြောင်းလဲရန်လည်း တာဝန်ရှိကြောင်း နားလည်ကြရမည်"** ဟု တိုက်တွန်းခဲ့ပါသည်။

သိန်းဖေမြင့်သည် ပစ္စည်းမဲ့ တော်လှန်ရေးလောကတွင် လှုပ်ရှားခဲ့သော နိုင်ငံရေးသမားတစ်ယောက်လည်း ဖြစ်ပေသည်။

သက်ရောက်လာသော အကျိုးကား သိန်းဖေမြင့် ရေးသော ဝတ္ထုကို ဖတ်တော့မည်ဆိုလျှင် ပစ္စည်းမဲ့ တော်လှန်ရေးအကြောင်း တစ်ခုခုကို သွန်သင်ညွှန်းပြတော့မည်ဟု အလိုလို နားပြင်ထားမိလျက်သား ဖြစ်နေပါသည်။ သော်တာဆွေ၏ ဝတ္ထုကို ဖတ်လျှင်ကား ဤသို့မဟုတ်ပါ။

သော်တာဆွေသည် **နိုင်ငံရေးသမားလည်းမဟုတ်၊ ပစ္စည်းမဲ့ဘက်တော်သားဟုလည်း မကြွေးကြော်ငယ်စဉ်က ကဗျာဝါသနာပါသူ၊ ရုပ်ရှင်မင်းသားဖြစ်ချင်သူ ဘဝစုံခဲ့သူ၊ အရက်တွင် ပျော်မွေ့သူ၊ ဝတ္ထုတိုကိုပင် ရည်စားစာအဖြစ် ရေးခဲ့သူ** လူစုံအဖြစ်သာ သဘောထားပါသည်။ ပစ္စည်းမဲ့တို့အကြောင်းကို ရေးရေး၊ တိရစ္ဆာန်လေးတွေအကြောင်းကို ရေးရေး၊ ရေးသမျှ ဘဝသရုပ်ဖော်ဝတ္ထုများတွင်မူ ကိုယ်တွေ့ကြုံသမျှကို အရှိအတိုင်း၊အမြင်အတိုင်း ရိုးသားစွာရေးသည့်အသံ ပေါက်လာပါသည်။

ထို့ကြောင့် သိန်းဖေမြင့်သည် ပစ္စည်းမဲ့တို့၏ဘက်တော်သား ရွှေနေကောင်းကြီးနှင့်တူ၍ သော်တာဆွေသည် သက်သေကောင်းကြီးနှင့်တူပါသည်။

mgyoe.com

mgyoe.com


လူလတ်တန်းစားဟူသည် ပစ္စည်းမဲ့တို့လောက် တော်လှန်ရေးဖွဲ့သတ္တိ မရှိပါ။ သေရေးရှင်ရေး ဟူ၍ သဘော မထားတတ်ပါ။ ပစ္စည်းမဲ့တို့၏ ဘဝကို မခံစားနိုင်၍ (ခံစားနိုင်ရန် ကြိုးစားမှုလည်း နည်းပါး၍) ပစ္စည်းမဲ့တို့၏ ဘဝသိမှုကို ရခဲလှပါသည်။

ဝတ္ထုဖတ် ပရိသတ်၏ အများစုမှာ လူလတ်တန်းစားများသာ ဖြစ်ပါသည်။ ထို စကောစက လူတန်းစားတို့တွင် ပစ္စည်းမဲ့တို့အား ထောက်ထားစာနာသော စေတနာ ကိန်းအောင်းလာအောင် သိမ်းသွင်းစည်းရုံးရာတွင် ရှေ့နေကောင်းသာမက သက်သေကောင်းများလည်း လိုအပ်သည်ဟု ထင်မိပါသည်။

**သက်သေကောင်းဖြစ်နိုင်ရန်လည်း မလွယ်လှပါ။ ကိုယ်တွေ့ မျက်မြင်သက်သေဖြစ်ပါမှ ပို၍ တန်ဖိုးရှိပါသည်။ ပစ္စည်းမဲ့တို့၏ ဘဝကို နက်နက်နဲနဲသိအောင် အားထုတ်ကြိုးစားပြီးမှ သက်သေထွက်ဆိုသော ဝတ္ထုများ ပိုမိုပေါ်ပေါက်လာပါစေဟု ဆုတောင်းမိပါသည်။**

ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၇၁

❑

mgyoe.com

mgyoe.com

# အမှတ်ထင်ထင်

ကျော်မငေး မောင်ဝင့်သူ

'ကြေးမုံရိပ်' မြင်
ကိုယ်ရုပ်သွင်ကို ပီပြင်ကျန
မြင်တွေ့ရလည်း။
'ကြေးမုံ' မဲ့ကင်း
ကိုယ့်ရုပ်ဆင်းကို စဉ်းစားတွေးထင်
မြင်မိချင်သော်၊ ပီပြင်ကျန
မတွေ့ကြနိုင်၊ သဏ္ဍာန်ယိုင်နဲ့
ဆင်ခြင်ခဲ့က...

*

ကြာခဲ့ပြီ။
သည်အကြောင်းကို ဆင်ခြင်ခဲ့မိသည်မှာ ကျွန်တော့်အသက်၏

mgyoe.com

mgyoe.com


တစ်ဝက်ကျော်ခန့်။

ယခု ကျွန်တော့်အသက် ၅၈ နှစ် ရှိတော့မည်။ သည်တော့ နှစ် ၃၀ ခန့်ရှိပြီဆိုပါတော့။ မှန်ပါသည်။ တစ်နည်းဆိုသော် ဆရာနှင့် တွေ့ပြီးမှ၊ ဆရာသော်တာဆွေနှင့် တွေ့ခဲ့ရပြီးမှ ယနေ့အထိ ဤအကြောင်းရပ်ကို စဉ်းစားတွေးခေါ်နေမိတုန်းပင်။

ဆရာနှင့်တွေ့ခဲ့ကြသည်က ဖဆပလတိုက်ခန်းရှိ သတင်းထောက်နှင့် စာရေးဆရာ ကိုရွှေမောင် တိုက်ခန်းမှာဖြစ်၏။ ထိုစဉ်က ကိုရွှေမောင် မကွယ်လွန်သေး။ ထိုနေ့က ဆရာကြီး ဇဝန၊ ဆရာထူး (စာရေးဆရာ တပ်ကြပ်မောင်ထူး) နှင့် အောင်ကျော်တို့လည်း ရှိနေကြ၏။ အောင်ကျော်နှင့်ပတ်သက်ပြီး ထိုနေရာသို့ ရောက်ရှိသွားခြင်းပင် ဖြစ်ပါသည်။ စာရေးဆရာ မိုးဝေမှာမူ လာမည်ဆိုပြီးမှ အကြောင်းတစ်ခုကြောင့် မလာဖြစ်ခဲ့။ (ထိုသူများအားလုံးမှာ ယခု ကွယ်လွန်ခဲ့ကြလေပြီ။)

သူတို့ထဲတွင် ကျွန်တော်က အသက်အငယ်ဆုံး။ ထို့ကြောင့် ကိုရွှေမောင်က ဖြည့်တင်းခြင်းအလုပ်မှန်သမျှကို ကျွန်တော့်အား တာဝန်ပေးထားခြင်းဖြစ်ပါမည်။ ဆုံကြသည်မှာ အရက်သောက်ဖို့ပင် ဖြစ်ပါသည်။ အမြည်းက ငါးရှဉ့်ကြော်၊ ကန်စွန်းရွက်ကြော်နှင့် အခြား တိုလီမိုလီအမြည်းများဖြစ်ကြောင်း မှတ်မိနေပါသေးသည်။

ကျွန်တော်က ယမကာ ဖြည့်တင်းပေးခြင်း၊ အမြည်းလိုက်ပေးခြင်းများကို လိုအပ်သလို ဆောင်ရွက်ပေးရသည်။ စကားဝိုင်းကတော့ အစုံအလင်၊ အထူးသဖြင့် စာပေကိစ္စများ...။

ဤတွင် ဆရာသော်တာဆွေကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းဖြစ်ပါသည်။ သူ၏စာပေများကိုတော့ ဖတ်ဖူးသည်မှာ မနည်းတော့ပါပြီ။ ယခုလို ပညာရှင်များနှင့် လူကိုယ်တိုင်ဆုံမိခြင်းကြောင့် သောက်

mgyoe.com

mgyoe.com


ခဲ့ရသည့် အရက်ပင် ရေချိန်လွန်သည့်တိုင်အောင် မမူးခဲ့တော့။

စကားဝိုင်းတွင် ဆရာက အကြောင်းအရာတစ်ရပ်ကို တင်ပြလာသည်။

"ဒီမှာ ခင်ဗျားတို့ မှန်ကြည့်တော့ ကိုယ့်ရုပ်ကို ကိုယ် အတိအကျ မြင်တွေ့ရတယ်နော်။ ကဲ မှန်မရှိဘူး၊ မကြည့်ဘူးဆိုရင် ကိုယ့်ရုပ်ပုံသဏ္ဌာန် ဘယ်လိုလဲ၊ ကိုယ်မှအပ တခြားတစ်ယောက်ယောက်ကို တွေးပြီး မြင်မိသလို ပီပီပြင်ပြင် မရှိတော့ဘူး။ သူ့ကို အတိအကျဆိုသလို မြင်ယောင်နိုင်ပေမဲ့ ကိုယ့်ကိုယ်ကိုယ်ကျတော့ မြင်တွေ့၊ မြင်ယောင်လို့ မရနိုင်ဘူး။ အဲဒါ ဘာကြောင့်လဲ... စဉ်းစားကြည့်ကြလေ"

ဆရာတင်ပြမှုကြောင့် ကျွန်တော်တို့အရက်ဝိုင်းတစ်ခုလုံး ငြိမ်သွားသည်။ ဆရာကြီးတွေလည်း စကားမဆို၊ အားလုံး အတွေးကိုယ်စီနှင့်။

*

ဤလိုနှင့် နှစ်တွေပြောင်းခဲ့သည်၊ ပြောင်းခဲ့သည်။ ဆရာ့စာတွေ အားလုံးလိုလို ဖတ်ရသည်။ ဆရာ့ကိုလည်း ကြုံခဲ့သည့်အခါ ကြုံရသည်။ ကြုံရသည့်အခါများဝယ် ဆရာသောက်ခဲ့သည့် အချိန်များရှိသလို အရက်ဖြတ်ထား၍ လုံးဝမသောက်ခဲ့သည့်အခါများလည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ...

ဆရာပြောခဲ့သော ကြေးမုံမှန်ပြင် အတွေ့အမြင်ကိစ္စမှာ အမြဲသတိရနေသည်။

အထူးသဖြင့် ကျွန်တော် 'မှန်' ကြည့်သောနေ့များ၊ 'မှန်' ရှေ့တွင် ရပ်ကာကြည့်သည်။ နောက် မှန်မရှိပါဘဲ မိမိကိုယ်ကို ပြန်လည် မြင်ယောင်ကြည့်သည်။ ဆရာ့စကားအတိုင်း မှန်စွ။

mgyoe.com

mgyoe.com


ဘာကြောင့်လဲ၊ အဖြေရှာ၏၊ မရ။

မရ၍ ရှာသည်၊ မရ။

ဤလိုနှင့် ဒီအသက်ရောက်ခဲ့ပြီ၊ ဘဝတွေ ပြောင်းခဲ့ပြီ။ ဝန်ထမ်းဘဝ၊ ကိုယ်ပိုင် ကိုယ့်အလုပ်နှင့်ကိုယ်၊ ယခုတော့ ရှေ့နေ။

*

ဘဝတွေပြောင်းခဲ့သော်လည်း စာရေးခြင်းကတော့ မပြောင်း။ ဝါသနာရှိရင်းစွဲကတော့ မြဲနေသည်။ ရေးနိုင်သမျှ ရေးပါသည်။ အောင်မြင်ထူးခြားခြင်း မဖြစ်သည်ကတော့ ကိုယ်တိုင်အသိ။ သို့သော် ရေးနေရသည်ကိုပင် အကြည်နူးဆုံး။

သည်လိုနှင့် ဆရာသော်တာဆွေနှင့် အမှတ်ထင်ထင် တွေ့သည်။ (၁၉၉၄ ခုနှစ် ကုန်လုလု) ဗိုလ်အောင်ကျော်လမ်းမှာဖြစ်သည်။ (ရွှေမြိတ်သောင်းတင်၊ မောင်ခေတ်ထွန်း) တို့က ဦးသန်းညွန့်၏သား ရွှေစင်မင်္ဂလာဗင်း ထုတ်ဝေစဉ်မှာပင်။

ထိုနေ့က ထိုတိုက်သို့ ဆရာရောက်လာသည်။ တပည့် ကိုပိုက်လည်းပါသည်။ ထိုင်ပြီး စကားပြောနေကြတုန်း ကျွန်တော်က ဆရာတစ်ခါက ဆရာပြောခဲ့တဲ့ 'ကြေးမုံရိပ်မြင် ရုပ်သွင်' ကိစ္စလေး မှတ်မိသေးသလား။ နှစ် ၃၀ လောက်ရှိနေပြီလေ။ ဟို ဖဆပလက ကိုရွှေမောင်ကြီး တိုက်ခန်းမှာတုန်းကပေါ့..."

"ဟ... မှတ်မိတာပေါ့ မောင်ဝင့်သူ ရ။ ခု... ဘာထူးခြားလို့လဲ ပြောစမ်းပါဦး။ ငါတောင် တစ်ခါတုန်းက စာရေးတော့ အဲဒီအကြောင်းလေး ထည့်ရေးဖူးသေးတယ်။ ဘယ်သူကမှ မငြင်းပါဘူး။ ကျိုးကြောင်းလည်း မရှင်းသေးပါဘူးကွာ"

"မထူးပါဘူး ဆရာ၊ ကျွန်တော်လည်း 'မှန်' ကြည့်တိုင်းလိုလို

mgyoe.com

mgyoe.com


စဉ်းစားလာတော့ ခုဆို အနှစ် ၃၀ လောက်ရှိပြီထင်တယ်။ တွေးရခက်ကြီးပါ ဆရာ။ ဒါပေမဲ့ ဆရာပြောတဲ့အတိုင်းပါပဲ"

"အေး... ငါလည်း စဉ်းစားတာပဲကွ။ ဆရာတော်ကြီးများ ဟောပြောကြတဲ့ တို့ရဲ့ အတ္တကြီးမှုလား၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းမှုကြောင့်လား။ ဗုဒ္ဓတရားရဲ့ အနှစ်သာရတစ်ခုပေါ့ကွာ။ လူသားတစ်ယောက်၊ အသိနဲ့ဆိုတော့ မင်းပြောတဲ့ တွေးရခက်ကြီး ဖြစ်နေတယ်ဟော့"

နောက်ပိုင်းတွင် ဆရာ့ကို မတွေ့ရတော့ပါ။ ၄-၃-၉၅ ရက်တွင်မူ သူ ချစ်ခဲ့ရသော အသိုက်အဝန်းအားလုံးကို စွန့်ခွာသွားခဲ့ပါပြီ။ ကျွန်တော့်တွင်မူ ဆရာပေးခဲ့သော ကြေးမုံပြင်မှာ အရိပ်ထင်မြင်ရသည့် ဤကိစ္စက အမှတ်ထင်ထင်ရှိနေဆဲဖြစ်ပါသည်။

'ကြေးမုံရိပ်' မြင်
ကိုယ့်ရုပ်သွင်ကို ပီပြင်ကျနမြင်တွေ့ရလည်း...
'ကြေးမုံ' မဲ့ကင်း
ကိုယ့်ရုပ်ဆင်းကို... စဉ်းစားတွေးထင်
မြင်မိချင်သော်... ပီပြင်ကျန မတွေ့ကြနိုင်...
သဏ္ဌာန်ယိုင်နဲ့ ဆင်ခြင်ခဲ့က...
(ဆရာပြောခဲ့သော တွေးခေါ်မှုတစ်ခုမှ)

အမြဲထာဝရ လေးစားခြင်းဖြင့်

❑

mgyoe.com

mgyoe.com

# ဆရာသော်တာဆွေ အမှတ်တရ

မုံရွာဝင်းပေ

(ဤဆောင်းပါးကို ဆရာသော်တာဆွေအား လေးစားချစ်ကြည်ဂုဏ်ပြုသောအားဖြင့် ဆရာသော်တာဆွေ၏ ရေးဟန်အတိုင်း ဖြစ်အောင်ကြိုးစားရေးသားလိုက်ပါသည်။)

ဟင်... ဘာလိုလိုနဲ့ ဆရာသော်တာဆွေ မရှိတော့ပြီ။

ဆရာ နေမကောင်းဖြစ်တော့ ပထမ ဆေးရုံတက်စဉ်တုန်းက ရန်ကုန်အနောက်ပိုင်းဆေးရုံမှာ ဖြစ်၏။ သူ့ဆန္ဒက တပ်မတော်ဆေးရုံမှာ တက်ချင်တဲ့ဆန္ဒရှိသည်။ ဒီလိုနဲ့ ကျွန်တော်တို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကမကထပြုပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနမှ လူကြီးများရဲ့အကူအညီနဲ့ ဆရာသော်တာဆွေကို အမှတ်(၂) တပ်မတော်ဆေးရုံသို့ တင်လိုက်၏။ ဆေးရုံကို ကျွန်တော်အပါအဝင် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ အမှုဆောင်များ မကြာခဏဆိုသလို ရောက်ကြပါသည်။ ထိုအချိန်တွင် ဆရာ စကားမပြောနိုင်တော့ပါ။ နောက် ရက်များမကြာမီ

mgyoe.com

mgyoe.com


ကွယ်လွန်သွားရှာပါသည်။

## အပဟိနှင့် ကျွန်တော်

အား… ပါး… ပါး… အမှတ်မထင် အခုမှ ပြန်တွေးကြည့်လိုက်တော့ ဆရာသော်တာဆွေနှင့် ကျွန်တော်သိတာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ။

အဲဒီတုန်းက ဆရာက ဟာသစာစောင် 'အပဟိ' ကို ထုတ်ဝေနေပါသည်။ ကျွန်တော် မှတ်မိသမျှ ပြောရပါလျှင် ထိုအချိန်က 'အပဟိ' တွင် ကိုတင်ရွှေ (ခေါ်) ကလောင်အမည် ရွှေဒင်္ဂါး (ခေါ်) မောင်လရောင်တို့၊ ဘုန်းကြီးကျောင်း မျိုးဝေါင်းတို့၊ ပေါင်းတည် စန်းမြင့်တို့လည်း ရှိနေကြသည်။ အဲ… သူ့ကို ချန်ထား၍မဖြစ်၊ ဆရာငွေမောင်းလည်းပါသည်။

ကျွန်တော်က မုံရွာမှနေ၍ 'အပဟိ' သို့ ဟာသစာမူတွေ ရေးပို့သည်။ မပါပါ၊ အပယ်ခံရပါသည်။

ထို့နောက် ဆရာသော်တာဆွေက ကျွန်တော့်ထံသို့ စာရေးသည်။

ဝင်းဖေ

အဟားဟား၊ မင်းရဲ့ကဗျာတွေက ရွံ့စရာတွေ ဖြစ်နေတယ်။ ဟာသမမြောက်။ ကြော်ငြာတွေကလည်း မကောင်းပါ။ ဆက်ကြိုးစားပါ။

သော်တာဆွေ

ကျွန်တော်ကလည်း စိတ်မပျက်၊ ဆက်ကြိုးစားပြီး ရေးပို့ရာ ထိုစဉ်က 'အပဟိ' တွင် 'အသံလွှင့်ကဏ္ဍ' ၌ ဟာသများ စ၍ပါလာသည်။

mgyoe.com

mgyoe.com


ထို့နောက် ဝတ္ထုများ၊ ဆောင်းပါးများ ပါလာသည်။ အပဟိ ဝိုင်းတော်သား ဖြစ်လာပါသည်။

၁၉၆၅ ခုနှစ်တုန်းက ကျွန်တော် အမျိုးသားစာပေဆု ရရှိရာ ရန်ကုန်ရောက်တော့ ဆရာသော်တာဆွေနှင့် တွေ့ရသည်။

"ကိုယ့်လူက ကိုယ့်သားလောက် ရှိသေးတာပဲ။ ရေးတဲ့စာတွေကတော့ ကြီးကြီးကျယ်ကျယ်တွေ၊ ဝါး...ဟား" ဟု ဆရာပြောသည်ကို မှတ်မိနေသည်။

## ဆရာသော်တာဆွေနှင့် ဝတ္ထုတို စာတမ်းဖတ်ပွဲ

ထို့နောက် များမကြာမီတွင် 'အပဟိ' ရပ်သွားသည်။ ဒါနဲ့ ကျွန်တော်လည်း အပဟိသို့ စာမူ မပို့ဖြစ်တော့ပါ။ ဆရာသော်တာဆွေထံသို့လည်း စာမရေးဖြစ်တော့ပါ။

၁၉၇၀ ပြည့်နှစ်တွင် ကျွန်တော် ရန်ကုန်သို့ ရောက်လာပြီး စာပေဗိမာန်တွင် အယ်ဒီတာဖြစ်သည်။ ထို့နောက် များမကြာမီတွင် စာပေဗိမာန်က ဝတ္ထုတို စာတမ်းဖတ်ပွဲကို ကျင်းပပြုလုပ်ရာ၌ ကျွန်တော်က အတွင်းရေးမှူးအဖြစ် တာဝန်ယူရပေရာ ရေးသားရမည့် စာတမ်းခေါင်းစီးများ၊ စာတမ်းရေးသားမည့် စာပေပညာရှင်များကို ကျွန်တော်က ရွေးချယ်ရသည်။

ကျွန်တော်က အောက်ပါအတိုင်း ရွေးချယ်လျာထားလိုက်ပါသည်။ စာတမ်းခေါင်းစဉ်နှင့် ပြုစုသူ၏အမည်။

| | |
|---|---|
| ကျွန်တော် ဝတ္ထုတိုသမား | (သော်တာဆွေ) |
| ကျွန်မ ဝတ္ထုတိုသမား | (ခင်ဆွေဦး) |
| မြန်မာဝတ္ထုတိုသမိုင်း | (ငွေဥဒေါင်း) |
| ဘာသာပြန်ဝတ္ထုတို | (မင်းကျော်) |

mgyoe.com

mgyoe.com


နိုင်ငံခြားဝတ္ထုတို (ကျော်အောင်)
ဘာဝသရုပ်ဖော်ဝတ္ထုတို (ဆင်ဖြူကျွန်းအောင်သိန်း)

ဆရာသော်တာဆွေထံသို့ စာတမ်းပြုစုပေးပါရန် အပ်နှံဖို့အတွက် လှိုင်မြို့နယ် စွပ်ကျယ်စက်လမ်း နေအိမ်သို့ ကျွန်တော် သွားပါသည်။ ဆရာသော်တာဆွေနှင့် တိုက်ရိုက်တွေ့ရာ ဆရာက စာတမ်းရေးသားရန် လိုလားစွာပင် လက်ခံလိုက်ပါသည်။

ဝတ္ထုတိုစာတမ်းဖတ်ပွဲကို (ယခင်) ဂျူဗလီဟောတွင် ကျင်းပခဲ့ရာ ဆရာသော်တာဆွေသည် အကောင်းဆုံး ဖတ်ကြားသွားခဲ့ပါသည်။ ဆရာသော်တာဆွေ၏စာတမ်းတွင် ဤသို့ နိဒါန်းပျိုးခဲ့ပါသည်။

"ကျွန်တော် ဝတ္ထုတိုသမားတဲ့"။ မှန်လိုက်တာဗျာ။ ကျွန်တော် ပြန်တွေးကြည့်တော့ ကျွန်တော့်တစ်သက်တာ အခုအထိ ရေးခဲ့တဲ့ စာတွေထဲမှာ ဝတ္ထုတိုတွေက အများဆုံးပဲဗျ။ ကျွန်တော့်ကို ဝတ္ထုတိုသမားလို့ ကင်ပွန်းတပ်ပေးတဲ့ စာပေဗိမာန်ကို ကျေးဇူးတင်တယ်ဗျာ"

## ဆရာသော်တာဆွေနှင့် အရက်

ဆရာသော်တာဆွေကို ချစ်သောသူတိုင်း၊ ဆရာသော်တာဆွေ၏ စာပေများကို ချစ်သောသူတိုင်းသည် ဆရာသော်တာဆွေ အရက်သောက်တတ်ကြောင်းကို သိရှိကြပြီး ဖြစ်ပါသည်။

စာပေဗိမာန်၏ ထုံးစံ၊ စာတမ်းဖတ်ပွဲပြီးတိုင်း ညစာစားပွဲ လုပ်မြဲပေကိုး။ ညစာစားပွဲပြီးတိုင်းမှာ ယမကာ တည်ခင်းဧည့်ခံမြဲပေကိုး။

ဝတ္ထုတို စာတမ်းဖတ်ပွဲပြီးတော့ စာပေဗိမာန် စာကြည့်ခန်းမတွင် ညစာစားပွဲ ကျင်းပသည်။ ဆရာသော်တာဆွေလည်းတက်၊ ကျွန်တော်

mgyoe.com

mgyoe.com


လည်း တက်သည်။

ညစာမစားမီတွင် ယမကာနှင့် ဧည့်ခံရာ ကျွန်တော်က ဘီယာမတ်ခွက်တွင် ဘီယာထည့်ကာ ဘရန်ဒီနှစ်ပက်ရောပြီး ချောင်ကျကျတစ်နေရာတွင်ထိုင်ကာ 'နှပ်' နေသည်။

ကျွန်တော် ထိုင်နေရာသို့ ဆရာသော်တာဆွေ ရောက်လာပြီး...

"ကိုယ့်လူ ဘာချသလဲကွ"

"ဘီယာနဲ့ ဘရန်ဒီ ဆရာ"

"တူလိုက်လေကွာ၊ ကိုယ်လည်း ဘီယာနဲ့ ဘရန်ဒီပဲကွ၊ ချီးယားစ်"

တစ်ခါတုန်းက ဆရာသော်တာဆွေ၏ ဝတ္ထုတစ်ပုဒ်ကို ရုရှားဘာသာသို့ ပြန်ဆိုကာ ရုရှားနိုင်ငံတွင် စာအုပ်ထုတ်ဝေသဖြင့် ရုရှားသံရုံး၊ ယဉ်ကျေးမှုဌာနရုံးခန်း (ယခင် မကြီးကြီးလမ်းအနီး၊ ယခု ထိုရုံးမရှိတော့ပါ) တွင် ဧည့်ခံပွဲ ပြုလုပ်ပါသည်။ ထိုဧည့်ခံပွဲသို့ ကျွန်တော့်ကိုလည်း ဖိတ်ကြားသဖြင့် တက်ရောက်ခဲ့ပါသည်။ ထိုပွဲတွင် ဆရာသော်တာဆွေနှင့်အတူ ဆရာမောင်ထင်၊ ဆရာတင့်ဆန်း၊ ဂရက်နီ စသူတို့ပါဝင်သည်ကို မှတ်မိနေပါသည်။ ထိုပွဲတွင် ဆရာသော်တာဆွေ မူးသွားရာ အပြန်တွင် ဆရာမောင်ထင်၊ ဆရာသော်တာဆွေနှင့် ကျွန်တော်ပါကားတစ်စီးတည်း အတူပြန်ခဲ့ကြပါသည်။

ဆရာသော်တာဆွေက စွပ်ကျယ်စက်လမ်း၊ ဆရာမောင်ထင်ကသုခလမ်း၊ ကျွန်တော်က အင်းစိန်။ ဆရာသော်တာဆွေက အရင်ဆုံးဆင်းရမည်။ ပြီးလျှင် ဆရာမောင်ထင် ဆင်းရမည်။ ကျွန်တော်ကအင်းစိန်ဆိုတော့ နောက်ဆုံးမှ ဆင်းရမည်ဖြစ်၏။ သို့သော် ဆရာကြီးနှစ်ဦးစလုံး ဘယ်သူမှမဆင်းဘဲ အင်းစိန်အထိ ပါလာကြသည်ကိုကျွန်တော် မှတ်မိနေပါသည်။

mgyoe.com

mgyoe.com


## အဝင်နှင့်အထွက်

ထိုညက ဆရာသော်တာဆွေ အင်းစိန်သို့ ပါလာခြင်းသည် နောင်တစ်ချိန်တွင် သူ အင်းစိန်၌နေရမည်ကို နိမိတ်ဖတ်ခြင်းလား မသိနိုင်ပေ။

ကျွန်တော်သည် အင်းစိန်တွင် နှစ်အတော်ကြာကြာ နေထိုင်ခဲ့ပြီး အင်းစိန်မှ ပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်တွင် အင်းစိန်သို့ ဆရာသော်တာဆွေ ရောက်ရှိလာပါသည်။ ဆရာကအဝင် ကျွန်တော်က အထွက်။

သို့သော် ဆရာနှင့် ကျွန်တော် အဆက်မပြတ်ခဲ့ပါ။ ဆရာသော်တာဆွေ အင်းစိန်တွင် နေထိုင်စဉ်အတွင်း ဆရာ၏ တပည့်သားသဖွယ် ဆရာအား ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သူ 'ကိုပိုက်' သည် ကျွန်တော်၏ ညီအလား ခင်မင်ရင်းနှီးသူဖြစ်ရာ ကိုပိုက်မှတစ်ဆင့် ဆရာနှင့် ဆက်သွယ်ခွင့်ရခဲ့ပါသည်။ အင်းစိန် တောင်သူကုန်းဝန်းကျင်တွင် မကြာခဏ 'ဆုံ' ခဲ့ကြပါသည်။

သို့သော် အခုတော့ ဆရာနှင့်ကျွန်တော် ဆုံခွင့်မရတော့ပါ။ ဆရာ့စာတွေနဲ့တော့ မကြာခဏ ဆုံခွင့်ရနေပါသည်။

ဆက်၍လည်း ဆုံနေဦးမည်သာ ဖြစ်ပါသည်။

## ဆရာသော်တာဆွေနှင့် သူ၏စာ

ဆရာသော်တာဆွေသည် စာပေဗိမာန်ဝတ္ထုကို စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားခဲ့သလို တကယ်ဝတ္ထုတိုသမားစစ်စစ်ဖြစ်၏။

သူသည် ဝတ္ထုတိုတွေ ရေး၏။

ဆောင်းပါးတွေလည်း ရေး၏။

ဝတ္ထုရှည်တွေလည်း ရေး၏။

mgyoe.com

mgyoe.com


ဘာသာပြန်တွေလည်း ရေး၏။

ကိုယ်ရေးအတ္ထုပ္ပတ္တိလည်း ရေး၏။

သို့သော် သူ အများဆုံးရေးခဲ့သည်က ဝတ္ထုတိုတွေသာ ဖြစ်သည်။

တကယ်တော့ 'ကျွန်တော့်ဘဝဇာတ်ကြောင်း' သည်ပင်လျှင် တစ်ပုဒ်ချင်းသည် ဝတ္ထုတိုတစ်ပုဒ်ပမာပင် ဖြစ်နေသည်မဟုတ်ပါလား။

*ဆရာသော်တာဆွေသည် လုံးချင်းဝတ္ထုကို အားမပြုဘဲ မဂ္ဂဇင်းကိုသာ အားပြု၍ ရေးသားသော စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသည့် မြန်မာစာရေးဆရာကြီးစစ်စစ်ဖြစ်သည်။*

ဆရာသော်တာဆွေ၏ စာတွေသည် မြန်မာစာပေသမိုင်းတွင် ကျန်နေမည်သာဖြစ်သည်။

ဆရာသော်တာဆွေ ကောင်းရာသုဂတိလားပါစေ။

အမှတ်တရပါ ဆရာခင်ဗျား။ ။

❑

mgyoe.com

mgyoe.com

# စာနှင့်၊ လူနှင့်၊ လွတ်လပ်မှုနှင့် တစ်ထပ်တည်းကျသူ သို့မဟုတ် ဆရာသော်တာဆွေ

ချစ်ဦးညို

ပေါင်းတည်ဆိုတာက စာရေးဆရာ အတော်လေး ထွန်းကားထွက်ပေါ်တဲ့မြို့ ဖြစ်ပါတယ်။ ဆရာသော်တာဆွေ၊ ရွှေတည်ရန်နောင်၊ ပေါင်းတည်မင်းသိမ်း၊ ပေါင်းတည်ဘုန်းကြည်၊ ပေါင်းတည်စန်းမြင့် စသည်ဖြင့် ဆရာနန္ဒသိန်းဇံကလည်း ပေါင်းတည်သားပါ။

ပေါင်းတည်ပွဲမှာတော့ အမှတ်တရ ဖြစ်စရာတစ်ခုနဲ့ ဦးလေးဆွေရဲ့ လွတ်လပ်သော စာရေးဆရာဝိညာဉ်သဘာဝကို လက်တွေ့မျက်တွေ့ ကြုံခဲ့ရပါတယ်။ မှတ်မှတ်ရရ ကျွန်တော်တို့ဟောပြောတဲ့ ရုံကြီးမှာ နောက်နေ့ည ဇာတ်ပွဲကမှာမို့ ဟောမယ့်ညနေမှာပဲ ဇာတ်ကားကြီးတွေ ရောက်ချလာပါတယ်။ (၁၉၈၄–၈၅ ခန့်ထင်ပါတယ်။) ဘယ်ဇာတ်အဖွဲ့လဲဆိုတော့ 'မြို့တော်အင်အားစု' ပါ။ မြို့တော်အင်အားစုဆိုတာက ကျွန်တော့်အတွက် အင်မတန်ရင်းချာတဲ့ အဖွဲ့ကြီး။ ကျွန်တော့်ဖခင်ကြီး ဦးရွှေဒေါင်း

mgyoe.com